ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၁)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၇၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နှင့် ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၂၁ - ၈ - ၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ရေဘေးကယ်ဆယ်ရေး။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ရေဘေးကယ်ဆယ်ရေး။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဘတ်စကတ်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးမန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးခင်မောင်အုန်း၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်ကျိန်ဂိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဥပဒေကြမ်းပူးပေါင်းအစည်းအဝေး တက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၂၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၅)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းသည့် မေးခွန်းများဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်ကူး ထိုင်း - မြန်မာ ကုန်သွယ်ရေးတံတား တစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်ကူး ထိုင်း - မြန်မာ ကုန်သွယ်ရေးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) ကော့သောင်းမြို့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်ကူး ထိုင်း - မြန်မာ ကုန်သွယ်ရေးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော့သောင်းမြို့က မြန်မာပြည်ရဲ့ တောင်ဘက်အစွန်ဆုံးမြို့တစ်မြို့ဖြစ်ပြီး ထိုင်းနှင့် နယ်စပ်ချင်းကပ်လျက် နယ်စပ်မြို့တစ်မြို့ ဖြစ်ပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ဆိုရင် ပါချန်မြစ်ဖြင့် ပိုင်းခြားထားပါတယ်။ တစ်ဖက် ထိုင်းနိုင်ငံ၊ ရနောင်းမြို့နှင့်ဆိုရင် ဒီ ပါချန်မြစ်ဝကို ဖြတ်ပြီးတော့ ကူးတို့လှေများဖြင့် ကူးသန်းသွားလာကြပါတယ်။ နယ်စပ်ချင်းကုန်သွယ်ရေးလမ်းကြောင်းဖြစ်သလို ပြည်တွင်းပြည်ပ ခရီးသွားများ၊ ရွှေ့ပြောင်းလုပ်သားများလည်း ကူးတို့နှင့်ကူးသွားကြပါတယ်။ ရာသီဥတုသာယာတဲ့အချိန်မှာ ပြဿနာမရှိပေမယ့်လို့ မိုးကာလ လှိုင်းကြီး၊ လေထန်တဲ့ အချိန်တွေမှာဆိုရင် လှေမှောက်သူမှောက်နှင့် ခရီးသည်တချို့သေတာလည်း ရှိခဲ့ဖူးပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီ ပါချန်မြစ်ဝကလည်း ပင်လယ်ထွက်ပေါက်ဖြစ်ပြီး အရမ်းကျယ်ပြောလှတယ်။ ဒါကြောင့် စက်တပ်လှေဖြင့်ဆိုရင်လည်း မိနစ်(၂၀)လောက်ကို မောင်းရတယ်။ ဒီ ပါချန်မြစ်ရဲ့ အထက်ပိုင်းကို တဖြည်းဖြည်းတက်သွားတဲ့အခါမှာ မြစ်ကြောင်းက တဖြည်းဖြည်း ကျဉ်းသွားပါတယ်။ ဒီကနေ မိုင်(၂၀)ဝန်းကျင်ခန့်လောက်မှာဆိုရင် ကျွန်တော်တို့ ဆိပ်ဖူးတို့၊ ဖော့သုတ်တို့၊ အေးချမ်းသာရွာဆိုတဲ့ ရှမ်း(၉)ရွာ ရှိပါတယ်။ အဲဒီရွာဘက်မှာဆိုရင် ဒီမြစ်ရဲ့အကျယ်ဟာ ပေ(၅၀၀) တဖြည်းဖြည်း ကျဉ်းသွားရင် ပေ(၃၀၀) ဒီလို ကျဉ်းသွားပါတယ်။ ဒီနေရာများမှာ မြစ်ကူးတံတား (၁)စင်း တည်ဆောက်မယ်ဆိုရင်လည်း ပေ(၁၀၀၀)အောက် ပေ(၈၀၀)လောက်ပဲ ရှည်နိုင်ပါတယ်။ ဒါကြောင့် ပါချန်မြစ်နဲ့ ယှဉ်လျက်ဆိုရင်လည်း ကျွန်တော်တို့က နယ်စပ်ချင်း ဒီ ကျေးရွာချင်းဆက်လမ်းတွေဟာ ပါချန်မြစ်နဲ့အပြိုင်ကို ကျွန်တော်တို့ ဖောက်လုပ်နေပါတယ်။ ကတ္တရာလမ်းအဖြစ်ကို ကျွန်တော်တို့ ၂၀၂၀ ပြည့်နှစ် မတိုင်မီ ပြီးအောင်ဆိုပြီးတော့ ရည်ရွယ်ထားပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ ဒီ တံတားကိုသာ တကယ်လို့ မြစ်ကူးတံတားကို တည်ဆောက်ပေးမယ်ဆိုရင် ကျွန်တော်တို့ နယ်စပ်မြို့လေးအနေနဲ့ နယ်စပ်ကုန်သွယ်ရေးဟာ တိုးတက်ကောင်းမွန်လာမယ်။ ဒေသထွက်ကုန်တွေကို လွယ်လွယ်ကူကူနဲ့ တစ်ဖက်ကိုပို့နိုင်သလို တစ်ဖက်ကနေ ကျွန်တော်တို့ အိမ်ဆောက်ပစ္စည်းဖြစ်တဲ့ သံချောင်းတို့၊ ဘိလပ်မြေတို့ သယ်ယူရာမှာလည်း အန္တရာယ်ကင်းကင်းနဲ့ သယ်နိုင်မယ်။ နံပါတ်(၂)အချက်ဆိုရင် ကျွန်တော်တို့ မြို့ရဲ့အားထားရမယ့် ခရီးသွားလုပ်ငန်းအတွက်ကို များစွာအထောက်အကူပြုနိုင်ပါတယ်။ ဒီကနေတစ်ဆင့် နိုင်ငံခြားခရီးသွားတွေ ဒီတံတားကနေပြီးတော့ အန္တရာယ်ကင်းကင်းနဲ့ သွားလာနိုင်သလို နိုင်ငံတော်အတွက်လည်း ဝင်ငွေများစွာရမယ်လို့ မျှော်လင့်ပါတယ်။

နောက်တစ်ချက်ကတော့ ဆိပ်ဖူးတို့၊ ဖော့သုတ်တို့၊ အေးချမ်းသာ၊ လုံးဖော အဲဒီရွာတွေမှာဆိုရင် ကျွန်တော်တို့က စက်မှုဇုန်တွေ တည်ဆောက်နိုင်ပြီးတော့ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေလည်း ရောက်လာနိုင်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးအတွက် အရမ်းကို အကျိုးကျေးဇူးရှိမှာပါ။ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ကော့သောင်းမြို့တွင် ငါးဈေးကွက်ကိုလည်း ဖော်ဆောင်နိုင်ပါလိမ့်မယ်။ ဒီတံတားကတစ်ဆင့် ကျွန်တော်တို့က ဘန်ကောက်၊ စင်ကာပူ၊ မလေးရှား တို့ကို ဖြတ်သန်းပြီးတော့ ပစ္စည်းတွေ ပို့ဆောင်နိုင်ပါမယ်။ နောက်တစ်ချက်ကတော့ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုတွေ၊ အကောက်ခွန်မဲ့ ကူးသန်းရောင်းဝယ်မှုတွေကိုလည်း တားဆီးနိုင်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာ များစွာရရှိနိုင်ပါတယ်။ တရားဥပဒေစိုးမိုးရေးလည်း အားကောင်းလာမယ်လို့ ယုံကြည်ပါတယ်။

ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ ဒေသအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး နိုင်ငံတော်သို့လည်း အခွန်ဘဏ္ဍာများစွာ ရှာဖွေပေးနိုင်သည့် ဤတံတား(၁)စင်းကို တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးသို့ ဒေသခံပြည်သူများကိုယ်စား ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။

**အိမ်နီးချင်းနိုင်ငံမှ ငှက်ပျော သယ်ဆောင်သည့် ၂၂ ဘီးကားကြီးများ အခေါက်ရေ ရာထောင်မက အဆမတန် တန်ပိုဖြတ်သန်းသွားလာမှုကြောင့် ကချင်ပြည်နယ်၊ ဗန်းမော် - မြစ်ကြီးနား - ကန်ပိုက်တီ လမ်းမပေါ်ရှိ တံတားကြီးများ၏ အရည်အသွေး ကျဆင်းနေမှုအပေါ် စစ်ဆေးကြပ်မတ် ပြုပြင်ရန် လိုအပ်နေသည်များကို အချိန်မီပြုပြင်ရန်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီး အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အိမ်နီးချင်းနိုင်ငံမှ ငှက်ပျောသယ်ဆောင်သည့် ၂၂ ဘီးကားကြီးများ အခေါက်ရေ ရာထောင်မက အဆမတန် တန်ပိုဖြတ်သန်းသွားလာမှုကြောင့် ကချင်ပြည်နယ်၊ ဗန်းမော် - မြစ်ကြီးနား - ကန်ပိုက်တီ လမ်းမပေါ်ရှိ တံတားကြီးများ၏ အရည်အသွေး ကျဆင်းနေမှုအပေါ် စစ်ဆေးကြပ်မတ် ပြုပြင်ရန် လိုအပ်နေသည်များကို အချိန်မီပြုပြင်ရန်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီး အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ မေးခွန်းအတွက် Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရဲ့ မေးခွန်းက တစ်သျှူးငှက်ပျောစိုက်ခင်းများကနေ ငှက်ပျောသယ်ရာ လမ်းကြောင်းတစ်ခုဖြစ်တဲ့ မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန် - ဝိုင်းမော် - ကန်ပိုက်တီလမ်းကြောင်းပေါ်ရှိ တံတားများရဲ့ ခံနိုင်ရည် လျော့ကျနေမှုအပေါ် အချိန်မီ ပြုပြင်ကာကွယ် စီမံနိုင်ဖို့ ရည်ရွယ်ပြီးမေးရခြင်းဖြစ်ပါတယ်။

တစ်သျှူးငှက်ပျောစိုက်ခင်းများစွာကို တရုတ်၊ မြန်မာ လုပ်ငန်းရှင်များ ပူးပေါင်းပြီး မြေလွတ်၊ မြေရိုင်းရော မြေမလွတ်၊ မြေမရိုင်းရော အချိန်တိုအတွင်း ယန္တရားကြီးများ အသုံးပြုလို့ စိုက်ပျိုး ဖော်ထုတ်နေကြတာဟာ ကချင်ပြည်နယ်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ တာလောကြီး၊ မိုးမောက်၊ ဗန်းမော်၊ ရွှေကူ၊ မံစီမြို့နယ်တွေမှာသာမကဘဲ စစ်ကိုင်းတိုင်းဒေသကြီးထဲအထိ ပေါ်ပေါ်ထင်ထင် စိုက်ပျိုးနေမှု များဟာ လူ့ခန္ဓာကိုယ်မှာ ကင်ဆာရောဂါ ဖြစ်ပွားသလိုပါပဲ။ တစ်မှဟုတ်ချင်း ဧကထောင်ပေါင်းများစွာကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေရခြင်းများအနက် ယခုတင်ပြမယ့် ပြဿနာရဲ့အစကတော့ ဒေါ့ဖုန်းယန်မြို့ ဧရိယာအတွင်းရှိတဲ့ ငှက်ပျောစိုက်ခင်းများကြောင့်ပဲဖြစ်ပါတယ်။ နှစ်စဉ် ငှက်ပျောခုတ်ရာသီ ရောက်ပြီ ဆိုတာနဲ့ ဒေါ့ဖုန်းယန်မြို့ (ခ) ယာဂိတ်ရဲ့အနီးစပ်ဆုံး အတွင်းပိုင်းရှိတဲ့ တစ်သျှူးငှက်ပျောခင်းများကနေ ထွက်ရှိတဲ့ ငှက်ပျောများစွာကို အိမ်နီးချင်း တရုတ်ပြည်မှ (၂၂)ဘီး ကားကြီးများစွာတို့က ယခုဖော်ပြတဲ့ ဒေါ့ဖုန်းယန် - ဝိုင်းမော် - ကန်ပိုက်တီ လမ်းကြောင်းအတိုင်း သယ်ဆောင်ဖြတ်သန်းကြရာမှ မိုးမောက် - ဝိုင်းမော် မြို့နယ် (၂)ခုကြားမှာရှိတဲ့ နမ့်ဆန်ယန် တံတားရယ် ဝိုင်းမော်မြို့နယ်ထဲက မလီယန်တံတားနဲ့ ဒဘတ်ယန်ချောင်းပေါ်ရှိ ကဇူးတံတားတို့ကို မဖြစ်မနေဖြတ်သန်းကြရပါတယ်။ ဒီတံတားတွေရဲ့ ခံနိုင်ဝန်ဟာ (၂၄)တန်(၂၅)တန်ဝန်းကျင်သာရှိပြီး (၂၂)ဘီးကားကြီးတွေရဲ့ကုန်ချိန်နဲ့ ယာဉ်အလေးချိန်ဟာ တန်(၆၀)လောက်ရှိတာမို့ မှတ်တမ်းသွားယူတဲ့ကာလ ၁ - ၅ - ၂၀၁၈ မှာဆိုရင် တံတားကြီးများ နိမ့်ဆင်း နေခြင်း၊ ကွဲအက်နေခြင်းများ ဖြစ်ပေါ်တာ တွေ့ရှိခဲ့ရပါတယ်။

တစ်ရက်လည်းမဟုတ် တစ်ကြိမ်လည်းမဟုတ် တစ်နှစ်လည်းမဟုတ် နှစ်စဉ် ရာသီချိန် ရောက်တိုင်း တန်ပိုကားကြီးများဟာ အကြိမ်ကြိမ်ဖြတ်သန်းကြလို့ တစ်ကြိမ်မဟုတ်တစ်ကြိမ် အန္တရာယ်ကို လက်ယပ်ခေါ်နေသလိုဖြစ်တဲ့အပြင် အခွန်အခလည်း အတိအကျမရပါဘဲ ပတ်ဝန်းကျင်ပျက်စီးမှု မြေယာများ ကျူးကျော်ခံရမှုတွေအပြင် တံတားတွေ ပျက်စီးယိုယွင်းခဲ့ရင် ပြင်ဆင်ရမယ့် ကုန်ကျစရိတ် များဟာလည်း နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်မှာ သေချာပြီးသားပါ။ အဲဒီလို တရားဝင်ရော တရားမဝင်ပါ ကျူးကျော်စိုက်ပျိုးနေကြတဲ့ တစ်သျှူးငှက်ပျောခင်းများမှ ကုန်များကို အဆမတန် သယ်ဆောင်ပြီး ရာသီချိန်ရောက်တိုင်း အလေးချိန်တန်ပိုတဲ့ယာဉ်ကြီးများရဲ့ ဖြတ်သန်းမှုကြောင့် တံတား အရည်အသွေးများကျဆင်းကာ မကြာမီအချိန်အတွင်းမှာ ယခုလို ဆက်လက်လျစ်လျူရှုထားမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာ ဖြစ်ပွားခဲ့တဲ့ မြောင်းမြကြိုးတံတားကြီးလို အကြောင်းမလှ ဆိုးဝါးလှတဲ့ ရင်နင့်ဖွယ်အဖြစ်တွေနဲ့ ကြုံလာနိုင်တဲ့အတွက် မထင်မှတ်ဘဲ စောင်းကျကျိုးသွားမယ့် အခြေအနေများမှ ကာကွယ်နိုင်ဖို့ဆိုရင် ဖော်ပြပါတံတား(၃)စင်းဖြစ်တဲ့ နမ့်ဆန်ယန်တံတား၊ မလီယန်တံတားနဲ့ ကဇူး တံတားတို့ကို (၁) အရည်အသွေး ကျဆင်းနေမှုအပေါ် ကြပ်မတ်စစ်ဆေးရန် (၂) လိုအပ်နေမှုများကို

အချိန်မီပြုလုပ်ရန်နှင့် (၃)မြန်မာပြည်တဝန်း နောက်နောင် ထိုသို့ စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီးအရေးယူရန် အစီအစဉ် ရှိ/မရှိ တို့ကို ဒေသခံခရီးသွားပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒေါ့ဖုန်းယန်မြို့ ခါယာ စစ်ဆေးရေးဂိတ်မှ ဖြတ်သန်းသွားကြသည့် တရုတ်ငှက်ပျော ကားကြီးများ မြင်ကွင်းပုံ (ထ)



မှတ်တမ်းယူစဉ်ကာလ ဝိုင်းမော်မြို့နယ်ရှိ မလိယန်တံတားနှင့် ဒဘတ်ယန်ချောင်းပေါ်ရှိ(ကဇူး)တံတား၏ ယိုယွင်းနေသည့် အခြေအနေ မြင်ကွင်းပုံ (ထ-၁)



နှစ်စဉ် ရာသီချိန်ရောက်တိုင်း တံတား(၃)စင်းပေါ် အကြိမ်ကြိမ်ဖြတ်သန်း နေကြသည့် တန်ပို တစ်သျှူးငှက်ပျော ကားကြီးများ မြင်ကွင်းပုံ (ထ-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝ- အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝမှ တပ်ချောင်းကျေးရွာအထိ မိုင်(၂၀)ရှိကြောင်း သိရှိရပြီး ဒေသခံပြည်သူများဟာ အဓိကအားထားသောလမ်းလည်း ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်က ကားလမ်းဖောက်လုပ်ခြင်းမရှိသော်လည်း လူထုဗဟိုပြုစီမံကိန်း (CDD) အကူအညီဖြင့် ဆမီးမြို့ ပီဝမှ အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာထိ (၄)ပေအကျယ် လူထုသွားလမ်းများ

ဖောက်လုပ်နေတာ ကျွန်တော် ကိုယ်တိုင်လေ့လာပြီး လူထုတွေ့ဆုံပွဲများ ပြုလုပ်ရန် သွားရောက်စဉ်က တွေ့ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပလက်ဝမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း (၁၁၇၀)မိုင် ကျယ်ဝန်းပြီး မြို့နယ်လူဦးရေ၏ (၉၀)ရာခိုင်နှုန်းခန့်သော ပြည်သူများဟာ ကျေးလက်ဒေသမှာ နေထိုင်ကြရပါတယ်။ တပ်ချောင်းအုပ်စု၊ ဘောင်ကုန်းအုပ်စုနှင့် လန်ဒန်အုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများသည်လည်း ယနေ့အထိ ခရီးသွားရာတွင် ခြေလျင်ခရီးဖြင့် သွားလာနေကြရခြင်း ဖြစ်ပါတယ်။ မိုးရာသီတွင် ရေကြောင်းခရီးဖြင့် သွားလာနေကြရသော်လည်း ရေစီးအားသန်သောကြောင့် အန္တရာယ်များစွာကြားတွင် ခက်ခဲစွာ သွားလာနေကြရပါတယ်။ ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝမှ တပ်ချောင်းကျေးရွာအထိ ကားလမ်းဖောက်လုပ်ပေးပါက လမ်းအတွင်းရှိ ကျေးလက်နေပြည်သူများသာမက ခရီးသွားလာနေကြသော ပြည်သူများအတွက်လည်း များစွာအကျိုးရှိမည်ဖြစ်ပါတယ်။ ကျေးလက်နေပြည်သူ များ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးအတွက် အရေးပါသောလမ်းဖြစ်သည့်အတွက် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်မှတစ်ဆင့် တင်ပြတောင်းခံရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ ရပ်ကွက်(၃)၊ ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း မှ မေးမြန်းထားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်တွင် ပါချန်မြစ်ကူး ထိုင်း - မြန်မာ ကုန်သွယ်ရေးတံတားတစ်စင်း တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့ထားတဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နယ်နိမိတ်အရှည်သည် (၁၃၁၈)မိုင်ရှိပြီးတော့ နှစ်နိုင်ငံ နယ်နိမိတ်ကို ယခင် ကိုလိုနီ လက်ထက်ကတည်းက သတ်မှတ်ခဲ့တာ

ဖြစ်ပါတယ်။ အဆိုပါ နယ်နိမိတ်မှာ မဲဟောက်ချောင်းနှင့် မဲခေါင်မြစ်ဆုံရာ ဒေသဖြစ်သည့် မြန်မာ - လာအို - ထိုင်း (၃)နိုင်ငံ ဆုံရာဒေသမှ မြန်မာနိုင်ငံရဲ့ တောင်ဘက်စွန်းဒေသ ကော့သောင်း(Vitoria Point)အထိ ဖြစ်ပြီးတော့ မဲဆိုင် - မဲဟောက်ချောင်း၏ အစိတ်အပိုင်းအချို့ (၃၆)မိုင်ခန့်၊ သံလွင်မြစ်၏ အစိတ်အပိုင်းအချို့ မိုင်(၇၀)ခန့်၊ သောင်ရင်းမြစ်၏ အစိတ်အပိုင်းအချို့ (၁၄၅)မိုင်ခန့်နှင့် ပါချန်မြစ်၏ အစိတ်အပိုင်းအချို့ မိုင်(၅၀)ခန့်ပါဝင်ကြောင်း တွေ့ရှိရပါတယ်။ သောင်ရင်းမြစ်နှင့် သံလွင်မြစ်ဆုံရာမှ ပါချန်မြစ်ဝအလွန်ထိ အပိုင်းကို ဗြိတိသျှပိုင် တနင်္သာရီနှင့် ထိုင်းနိုင်ငံတို့အကြား ၈-၂-၁၈၆၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် နယ်နိမိတ်စာချုပ်အရ သတ်မှတ်ခဲ့သော်လည်း (၂)နိုင်ငံအနေနှင့် လက်ရှိအချိန်ထိ ယင်းအပိုင်းကို စနစ်တကျတိုင်းတာ သတ်မှတ်ရခြင်း မရှိသေးပါကြောင်း တွေ့ရှိရပြီး မြန်မာ - ထိုင်းနယ်နိမိတ်တစ်လျှောက်အား ဆောလျင်စွာ တိုင်းတာသတ်မှတ်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

ပါချန်မြစ်နှင့် ပါချန်မြစ်၏ မြောက်ဘက်ကုန်းပိုင်းတစ်လျှောက် မိုင်(၂၀၀)ခန့်ကို ဦးစွာ တိုင်းတာသတ်မှတ်နိုင်ရေးအတွက် ကောင်းကင်ဓာတ်ပုံမြေပုံ (Orthophoto Maps) ရိုက်ကူး ထုတ်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ပြီးစီးခဲ့ပြီးတော့ အဆိုပါ ကောင်းကင်ဓာတ်ပုံမြေပုံများကို နယ်နိမိတ်တိုင်းတာသတ်မှတ်ရာတွင် အထောက်အကူအဖြစ် ရည်ညွှန်း ကိုးကား အသုံးပြုဖို့အတွက် နှစ်နိုင်ငံ သဘောတူထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ (၂)နိုင်ငံနယ်နိမိတ် စနစ်တကျ တိုင်းတာသတ်မှတ် ရခြင်းမရှိသေးသည့် ပါချန်မြစ်ကူးတံတား တည်ဆောက်မည်ဆိုပါက နောင်တွင် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရာ၌ ရည်ညွှန်းကိုးကားအသုံးပြုရန်အတွက် တံတားတည်ဆောက်မည့်နေရာအနီးရှိ ရေနက် စီးကြောင်းနှင့် နှစ်ဖက်မြစ်ကမ်းပါးများ၏ အခြေအနေကို ပူးတွဲတိုင်းတာ မှတ်တမ်းသတ်မှတ်ခြင်း လုပ်ငန်းတွေကို ဦးစွာ ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ် ဖြတ်ကျော်တံတားများ တည်ဆောက်ရာတွင် အာရှ၊ အာဆီယံ Connectivity အရ အိမ်နီးချင်းနိုင်ငံများနှင့် ဖြတ်သန်း ဖောက်လုပ်မည့်လမ်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတာကာနှင့် ဆက်သွယ်လျက်ရှိတဲ့ လမ်းမကြီးများဖြစ်တဲ့ အာရှလမ်းမကြီးများ (ASIAN Highways)၊ အာဆီယံလမ်းမကြီးများ (ASEAN Highways)၊ မဲခေါင်စီးပွားရေးစင်္ကြံလမ်းမကြီးများ (Mekong Subregion Economic Corridors)၊ အိန္ဒိယ - မြန်မာ - ထိုင်း (၃)နိုင်ငံချင်းဆက် လမ်းမကြီးများ (India- Myanmar- Thai Trilateral Highway)များကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပြီး အဆိုပါ ဖောက်လုပ်ဆဲ လမ်းမကြီးများမှာတော့ ပါချန်မြစ်ကူးတံတား တည်ဆောက်ဖို့ သဘောတူ ထားခြင်း လောလောဆယ်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ အထက်ပါ အခြေအနေများ အပြင် ကော့သောင်းမြို့နယ်အတွင်း ပါချန်မြစ်ကူး ထိုင်း - မြန်မာ ကုန်သွယ်ရေးတံတားကို တည်ဆောက်ရန် အတွက်ကိုလည်း ထိုင်းနှင့်မြန်မာ လောလောဆယ် သဘောတူညီထားတာတွေ မရှိသေးတဲ့အတွက် လောလောဆယ်အခြေအနေမှာတော့ ပါချန်မြစ်ကူး ထိုင်း - မြန်မာတံတားကို လောလောဆယ်မှာ တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း မှ မေးမြန်းထားတဲ့ အိမ်နီးချင်းနိုင်ငံမှ ငှက်ပျောသယ်ဆောင်သည့် (၂၂)ဘီးကားကြီးများ အခေါက်ရေ ရာထောင်မက အဆမတန် တန်ပိုဖြတ်သန်းသွားလာမှုကြောင့် ကချင်ပြည်နယ်၊ ဗန်းမော် - မြစ်ကြီးနား - ကန်ပိုက်တီ လမ်းမပေါ်ရှိ တံတားကြီးများ၏ အရည်အသွေး ကျဆင်းနေမှုအပေါ် စစ်ဆေးကြပ်မတ် ပြုပြင်ရန် လိုအပ်နေသည်များကို အချိန်မီပြုပြင်ရန်နှင့် စည်းကမ်းဖောက်ဖျက်မှုတို့ကို ထိရောက်စွာ တားဆီး အရေးယူပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့ထားတဲ့ ဖြေကြားချက်များနှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်အတွင်း ငှက်ပျောစိုက်ခင်းများမှ သယ်ယူပို့ဆောင်တဲ့ ငှက်ပျောကားများ အဓိက ဖြတ်သန်းသွားလာသော လမ်းများမှာ မြစ်ကြီးနား - ဗန်းမော်လမ်း၊ ဝိုင်းမော် - ချီဖွေလမ်း၊ ဝိုင်းမော် - ဆဒုံး - ကန်ပိုက်တီလမ်းနှင့် ရွှေညောင်ပင် - တာလောကြီးလမ်းတို့ ဖြစ်ပါတယ်။ မြစ်ကြီးနား - ဗန်းမော်လမ်းပေါ်မှာ အဓိက တံတားကြီးများဖြစ်တဲ့ တံတားခံနိုင်ဝန် (၁၆)တန်၊ အရှည် ပေ(၄၅၀)ရှိတဲ့ ဒဘတ်ယန် ဘေလီတံတား၊ တံတားခံနိုင်ဝန် (၁၆)တန်၊ အရှည်(၃၂၀)ပေရှိတဲ့ တံတားအမှတ်(၂) မလီယန် ဘေလီတံတား၊ တံတားခံနိုင်ဝန် (၁၄)တန်၊ အရှည်ပေ(၄၀၀)ရှိတဲ့ နမ့်ဆန်ယန် ဘေလီသံပေါင်တံတား၊ တံတားခံနိုင်ဝန် (၆၀)တန်၊ အရှည် (၃၃၀)ပေ ရှိတဲ့ သုံးလွှာတစ်ထပ် မိုးလဲတံတားနှင့် တံတားခံနိုင်ဝန် (၆၀)တန်၊ အရှည် (၃၂၀)ပေရှိတဲ့ တာပိန် တံတား စသည့်ဘေလီတံတားများအပေါ်မှာ တစ်သျှူးငှက်ပျောကားကြီးများ ဖြတ်သန်းသွားလာလျက် ရှိပြီး ဒဘတ်ယန်တံတား၊ မလီယန်တံတားနှင့် နမ့်ဆန်ယန်တံတားတို့မှာ တံတားကြံ့ခိုင်မှု အားနည်း လျက်ရှိသဖြင့် ၁၆-၆-၂၀၁၈ ရက်နေ့မှာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ သွားရောက်စစ်ဆေးခဲ့ပြီးတော့ ၁၇-၆-၂၀၁၈ ရက်နေ့ကစပြီးတော့ လိုအပ်တဲ့ တံတားပြင်ဆင်မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဝိုင်းမော် - ချီဖွေလမ်းပေါ်မှာရှိတဲ့ တံတားခံနိုင်ဝန်(၁၃)တန်၊ အရှည်(၇၅)ပေရှိတဲ့ တစ်လွှာ တစ်ထပ် နမော်ယန်တံတားနှင့် တံတားခံနိုင်ဝန်(၁၃)တန်၊ အရှည်(၁၂၅)ပေရှိတဲ့ မန်ဝိန်းတံတားတို့မှာ လမ်းလွှဲများတွင် ကွန်ကရစ်လမ်း ခင်းထားပြီးဖြစ်သဖြင့် တစ်သျှူးငှက်ပျောကားကြီးတွေက လမ်းလွှဲမှသာ သွားဖို့ စီစဉ်ထားပါတယ်။ ဝိုင်းမော် - ဝါရှောင် - ဆဒုံး - ကန်ပိုက်တီလမ်းပေါ်မှာ တံတားခံနိုင်ဝန် (၂၀)တန်၊ အရှည်(၁၇၀)ပေရှိတဲ့ သုံးလွှာတစ်ထပ် ခုနှစ်ရောင်စုံ ဘေလီတံတားရှိပြီးတော့ ရွှေညောင်ပင် - တာလောကြီးလမ်းပေါ်မှာတော့ တံတားခံနိုင်ဝန်တန်(၂၀)၊ အရှည်(၇၀၀)ပေရှိတဲ့ ဒဘက်ယန်ဘေလီ တံတားနှင့် တံတားခံနိုင်ဝန်(၂၀)၊ အရှည်ပေ(၃၀၀)ရှိတဲ့ မလိဘေလီတံတားတို့တည်ရှိပြီး အဆိုပါ တံတားများရဲ့ ကြံ့ခိုင်မှုကတော့ ကောင်းမွန်မှုရှိပါကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ လမ်းများပေါ်ရှိ တံတား များတွင် တံတားခံနိုင်ဝန်နှင့် သတိပေးဆိုင်းဘုတ်များကို တရုတ် - မြန်မာ နှစ်ဘာသာဖြင့် ရေးသား စိုက်ထူထားပြီးတော့ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာမှု မရှိစေရေးအတွက်ကိုလည်း ပြည်နယ် အစိုးရနှင့် ညှိနှိုင်းထားပါတယ်။ ငှက်ပျောသယ်ဆောင်သည့် ကုမ္ပဏီများအား (၂၂)ဘီး ကားများအစား ကားငယ်များဖြင့် သတ်မှတ်တန်ချိန်အတိုင်း သယ်ဆောင်ဖြတ်သန်းကြဖို့နှင့် တံတားများ ပျက်စီးဆုံးရှုံးပါက

ဆုံးရှုံးမှုတန်ဖိုး၏ သုံးဆပေးလျော်ရမည်ဖြစ်ကြောင်းကိုလည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ လမ်းတံတားများ ပျက်စီးဆုံးရှုံးနေမှုများ မဖြစ်ပေါ်စေရေးအတွက် နှစ်စဉ်မိုးတွင်းကာလမှာ (၁၀)ဘီးနှင့်အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခွင့် ပိတ်ပင်တားဆီးရေး ဆောင်ရွက်ထားဖို့ကို ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ ညှိနှိုင်းထားပါတယ်။ ယခုနှစ်မိုးတွင်းကာလကိုလည်း (၁၀)ဘီးနှင့်အထက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုမရှိအောင် စစ်ဆေးတားမြစ်နိုင်ရေးအတွက် သတိပေးဆိုင်းဘုတ်များ စိုက်ထူတားဆီးသွားမှာဖြစ်ပြီးတော့ တန်ပိုတားဆီးရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီးတော့ စည်းကမ်းဖောက်ဖျက်မှုများမရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရှင်းလင်းပြောကြားချက်နှင့်အတူ ပေါင်းစပ်ပြောကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် အမှတ်(၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ ရပ်ကွက်(၃)၊ ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းရွာကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်၊ ဆမီး - ပီဝ - အလုံဘွေ - ဖောင်ပိုက်ကုန်း - ထလုံကုန်း - တပ်ချောင်းလမ်းအရှည် မိုင်(၂၀)ရှိပြီး အဆိုပါလမ်းပိုင်းများနှင့် ပတ်သက်၍လည်း လက်ရှိမြေပြင်အနေအထားအား စစ်ဆေးခဲ့ရာမှာ ဆမီး - ပီဝလမ်းပိုင်း(၆)မိုင်နှင့် ပါထန်း - တပ်ချောင်းလမ်း (၈)မိုင် (၃)ဖာလုံတို့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီးတော့၊ ပီဝ - အလုံဘွေ - ပါထန်းလမ်းပိုင်း (၅)မိုင် (၅)ဖာလုံမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ လမ်းစာရင်းမှာ ပါဝင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။

ဆမီး - ပီဝလမ်းပိုင်း(၆)မိုင်နှင့် ပါထန်း - တပ်ချောင်းလမ်းပိုင်း (၈)မိုင်(၃)ဖာလုံတို့ကို မြေသားလမ်းဖောက်လုပ်ရာတွင် လမ်းတာချဲ့ဖို့အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ လျာထားတင်ပြပေးသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ပီဝ - အလုံဘွေ - ပါထန်းရွာလမ်းပိုင်း (၅)မိုင် (၅)ဖာလုံကိုတော့ ချင်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းနိုင်ရေးအတွက် စတင်တင်ပြသွားရမှာဖြစ်ပြီးတော့ ခွင့်ပြုချက်ရရှိလို့ရှိရင်တော့ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လမ်းစာရင်းမှာသွင်းပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ပုံငွေများ တင်ပြတောင်းခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ကို တင်သွင်းတဲ့ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ - ၁)၁/၂၀၁၈ -၄၇၈
ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ ၁၄ ရက်

၁။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၄-၇-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)နှင့် ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) တို့က ၈-၈-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၉-၈-၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်က အပိုဒ် ၆၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ) ပယ်ဖျက်ထားသည့်အပေါ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အလိုက် ဆောင်ရွက်ပေးစေရန်အတွက် ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ)ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိသင့်ကြောင်းနှင့် ရေးထုံးမှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံ့ဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၈ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ) ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုထားတဲ့ -

အပိုဒ် ၆ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ)ကိုတော့ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ပြင်ဆင်ချက်များနှင့် အတည်ပြုလိုက်တဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပဖြစ်တဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တံတားကြီးများ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရေးဆွဲခဲ့တဲ့ တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးပေးပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်းနှင့်တံတားများ တည်ဆောက်ထိန်းသိမ်းခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပြီး လိုအပ်တဲ့ ဥပဒေများကိုလည်း ပြဋ္ဌာန်းရေးဆွဲ၍ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ လမ်းနှင့် တံတားများ အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ၁၉၈၅ ခုနှစ်တွင် ဥပဒေအမှတ် (၁၃/၈၅) ဖြင့်လည်းကောင်း၊ လမ်းမကြီးများ ဥပဒေကို ၂၀၀၀ ပြည့်နှစ်တွင် ဥပဒေအမှတ် (၈/၂၀၀၀) ဖြင့်လည်းကောင်း၊ အမြန်လမ်းမကြီး ဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၄/၂၀၁၅) ဖြင့်လည်းကောင်း၊ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၄/၂၀၁၆) ဖြင့်လည်းကောင်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ၂၀၁၈ ခုနှစ်၊ မတ်လအထိ ပေ(၁၈၀)နှင့်အထက် တံတားကြီး (၅၄၉)စင်းကို တည်ဆောက် ထိန်းသိမ်းထားလျက်ရှိပြီး အဆိုပါ တံတားကြီးများ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် ဥပဒေအရ အကာအကွယ်ပြုရမည့် လုပ်ငန်းစဉ်များအတွက် အလွန်အရေးပါတဲ့ တံတားကြီးများ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ တံတားကြီးများဥပဒေကြမ်း ပြဋ္ဌာန်းနိုင်ရေး အတွက် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန အတိုင်ပင်ခံပညာရှင်အဖွဲ့ Think -tank ၊ တံတားဦးစီးဌာနနဲ့ လမ်းဦးစီးဌာနတို့ ညှိနှိုင်းအစည်းအဝေးပွဲများ ကျင်းပပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်နဲ့ အကြံပြုချက် လေးကြိမ် တောင်းခံ၍ အကြိမ်ကြိမ် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေ့တင်သွင်းတဲ့ တံတားကြီးများ ဥပဒေကြမ်းမှာ အခန်း(၉)ခန်းနှင့် ပုဒ်မ ၂၂ ခု ပါဝင်ပါတယ်။ ကမ္ဘာ့နိုင်ငံအများအပြားနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံအချို့မှာလည်း အလားတူ ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းကို ရေးဆွဲရတဲ့ ရည်ရွယ်ချက် (၄)ချက်ရှိပြီးတော့ ဒီရည်ရွယ်ချက်တွေကတော့၊ (၁) တံတားကြီးအသစ် တည်ဆောက်ခြင်း၊ တံတားအဆင့် မြှင့်တင်တည်ဆောက်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊

ဖျက်သိမ်းခြင်းနှင့် လူနှင့်မော်တော်ယာဉ်၊ ရထား စသည်တို့ တံတားကြီးပေါ်မှာ အသုံးပြုမှု၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ တံတားအသုံးပြုခ ကောက်ခံခြင်းကို စနစ်တကျဆောင်ရွက်နိုင်ရန်၊ (၂) တံတားကြီးကို အသုံးပြုသူများ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် တံတားကြီး ထိန်းသိမ်းရေးအပြင် ခိုင်ခံ့မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန်၊ (၃) တံတားကြီးကို အသုံးပြုရာတွင် လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းစွာ ခရီးသည်နှင့် ကုန်စည် စီးဆင်းမှု မြန်ဆန်ချောမွေ့စေခြင်းဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာ၍ နိုင်ငံသားများ၏ လူမှုစီးပွား ဘဝတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာရန်၊ (၄) တံတားကြီးကို အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေရှည်အသုံးပြုနိုင်ရန် ထိန်းသိမ်းခြင်း တို့ဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်စေရန်တို့ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အခွန်ဘဏ္ဍာငွေဖြင့် တံတားကြီးများ တည်ဆောက်ခြင်း ဆောင်ရွက်နေသလို နိုင်ငံတကာမှ ချေးငွေအကူအညီများဖြင့်လည်း တံတားကြီးများကို တည်ဆောက်လျက် ရှိပါတယ်။ မကြာမီကာလမှာလည်း တံတားစာရင်းမှာပါဝင်လာမယ့် မိုးပျံတံတားများကို PPP စနစ်ဖြင့် ဆောင်ရွက်တော့မှာဖြစ်လို့ တံတားကြီးများဥပဒေတစ်ရပ် မဖြစ်မနေ လိုအပ်မှာဖြစ်ပါသဖြင့် နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံကဏ္ဍမှာ အရေးပါတဲ့ တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က တံတားကြီးများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဗိုလ်မှူးချုပ်တင့်လွင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တံတားကြီးများ ဥပဒေကြမ်းအပေါ် စိစစ် တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## တံတားကြီးများ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈-၄၃၁
ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ ၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၁၆-၅-၂၀၁၈ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၅-၅-၂၀၁၈၊ ၁၇-၇-၂၀၁၈ နှင့် ၃၀-၇-၂၀၁၈ ရက်နေ့တို့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများဥပဒေကြမ်းကို လေ့လာစိစစ်ရာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီမှ တာဝန်ယူ၍ ပြင်ဆင်ချက်များကို ပြည့်စုံမှုရှိစေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ အထူးအားဖြင့် တံတားကြီးများကို တည်ဆောက်ထိန်းသိမ်းထားသည့် ဌာနအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသာမက အခြားဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဦးစီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ ပြည့်စုံစွာ ပါဝင်စေရန်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိကျပြည့်စုံစွာ ဖော်ပြနိုင်ရန်လည်းကောင်း၊ တံတားကြီးများကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းရပ်များသာမက ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ရေးပစ္စည်း အရည်အသွေးစံနှုန်းသတ်မှတ်ခြင်း၊ တံတားကြီးကြံ့ခိုင်မှုကို အချိန်ဇယားတိကျစွာ ကာလသတ်မှတ်၍ စစ်ဆေးခြင်း၊ တံတားအသုံးပြုနိုင်သည့် သက်တမ်းအပိုင်းအခြားကို သတ်မှတ်ခြင်းတို့အတွက် ပြဋ္ဌာန်းချက်များ ပါဝင်မှုရှိစေရန်အတွက်လည်းကောင်း၊ တံတားကြီးများ အရည်အသွေးမပြည့်မီမှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်လာခြင်းမရှိစေရန် အရည်အသွေး စံချိန်စံညွှန်း လျော့နည်း၍ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အရည်သွေးစစ်ဆေးရာတွင် သိလျက်နှင့် တမင်ထိမ်ချန်ဆောင်ရွက်ခြင်းအတွက် အရေးယူဆောင်ရွက်မှု၊ ပြစ်မှု၊ ပြစ်ဒဏ်များ ဖြည့်စွက်ပြဋ္ဌာန်းရန်လည်းကောင်း၊ တံတားကြီးများ၏ လုံခြုံရေး၊ ကြံ့ခိုင်ရေးနှင့် သက်တမ်းပြည့်ဝစွာ အသုံးပြုနိုင်ရေးတို့အတွက် ထိရောက် ဟန့်တားသည့် ထောင်ဒဏ်နှင့် ငွေဒဏ် ပြဋ္ဌာန်းချက်များ ဖော်ပြပါရှိနိုင်စေရန်လည်းကောင်း၊ ပြည်သူတို့၏ အသက်အန္တရာယ်ကို အကာအကွယ်ပြုနိုင်ရန်အတွက် လုံခြုံရေး လိုအပ်ချက်အရ ဆောင်ရွက်ရမည့် မိုင်းရှင်းခြင်း၊ မိုင်းခင်းခြင်း၊ မိုင်းရှာခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးစခန်းများ ချထားခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း ပြည့်စုံစွာ ပြင်ဆင်ဖြည့်စွက်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ယင်းပြင်ဆင်ချက်များအပေါ် အခြေခံ၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပိုမိုပြည့်စုံမှုရှိစေရန်၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်နှင့် မြန်မာစာအရေးအသားမှန်ကန်မှုရှိစေရန်အတွက် ဖြည့်စွက်သင့်သည်များကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြထားပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အမျိုးသားလွှတ်တော်ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တံတားကြီးများဥပဒေကြမ်းကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တံတားကြီးများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၇-၈-၂၀၁၈ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

ပြည်ထောင်စုဒုတိယဝန်ကြီး မိမိ အစီအစဉ်ပြီးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့်ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့်အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရား မကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများအလျင်အမြန်လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခု အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့်ကိုယ်စားလှယ်များ (၁)ဦးလျှင် (၈)မိနစ် ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

မဆွေးနွေးခင် ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုတာ ရှိပါတယ်။ ကျွန်တော်တို့ အဆိုတွေ တင်သွင်း ဆွေးနွေးတာ၊ မေးခွန်းတွေ မေးမြန်းတဲ့အခါမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ပြဋ္ဌာန်းထားတာရှိပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်များအနေနဲ့ အဆိုတွေ ဆွေးနွေးမယ်၊ တင်သွင်းမယ်၊ မေးခွန်းတွေ မေးမြန်းမယ်ဆိုရင် ဒီဥပဒေညွှန်ကြားချက်များ ဘောင်အတွင်းက ပြောဆိုရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နည်းဥပဒေ ၁၅၉၊ နည်းဥပဒေခွဲ(ဂ)မှာ အဆိုတစ်ရပ်ကို ဆွေးနွေးရာတွင် ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲ အဆိုနှင့်သာ အတိအကျ သက်ဆိုင်စေရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဆိုဆွေးနွေးမယ်ဆိုရင် အဆိုနှင့်မဆိုင်တဲ့ အချက်အလက်တွေကို ဆွေးနွေးလို့ မရပါဘူး။ နောက်တစ်ခါ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၇ မှာ အခြားပါတီ အဖွဲ့အစည်းတစ်ခုခုကို ပုတ်ခတ်ပြောဆိုတာ၊ ပုဂ္ဂိုလ်တစ်ဦးဦး အကျင့်စာရိတ္တ၊ အပြုအမူများနှင့် စပ်လျဉ်းပြီး ပြောဆိုဆွေးနွေးခြင်းများကို ကန့်သတ်ထားပါတယ်။ ဒါတွေကိုလည်း သတိထားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် အဆိုဆွေးနွေးမယ့် ကိုယ်စားလှယ်များ၊ မေးခွန်းမေးမြန်းတဲ့ ကိုယ်စားလှယ်များ အနေနဲ့ မိမိဆွေးနွေးချက်တွေဟာ ဒီဥပဒေနှင့်လွတ်ကင်းရဲ့လား အရင်ဆုံးစိစစ်ပါ။ စိစစ်ပြီးမှ ဆွေးနွေး

ကြပါ။ ဘာလို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ ဒါ ပထမအပိုင်းတည်းက ဒီလို ဥပဒေနှင့်မညီတာ ဆွေးနွေးတာတွေ ရှိပါတယ်။ ဒါ ကိုယ်ချင်းစာပါတယ်။ ပထမဆုံးက ကျွန်တော်တို့က ဒါ အခု လွှတ်တော်ကလည်း လွှတ်တော်သက်တမ်းတစ်ဝက်ကျော်လာခဲ့ပြီးပါပြီ။ အရင်တုန်းက ဒါ ကိုယ်စားလှယ်တွေကအတွေ့အကြုံနည်းတဲ့အခါကျတော့ အမှားအယွင်းရှိမယ်ဆိုပြီးတော့ ကျွန်တော် သည်းခံခွင့်လွှတ်ခဲ့ပါတယ်။ ဘာလို့လဲဆိုရင် သိပြီးတဲ့အတိုင်း အခု ကျွန်တော်တို့ လွှတ်တော်ကို ပြည်သူများ စိတ်ဝင်စားနေတယ်။ Live Show တွေလွှင့်နေတယ်။ မတော်လို့ ဥပဒေနှင့်မညီတာကို ကျွန်တော်က ကန့်ကွက်လိုက်ရင် ဒီလွှတ်တော်ကိုယ်စားလှယ်ရဲ့ သိက္ခာထိခိုက်မှာ ကျွန်တော် အရမ်းစိုးပါတယ်။

ဘာလို့လဲဆိုတော့ အခုကျွန်တော်ပြောလိုက်လို့ မပြောဘဲထားရင် ပြည်သူတွေက သိချင်မှသိမယ်။ ဒါပေမဲ့ ကိုယ်ကနေ ဒီလွှတ်တော်ရှေ့မှာပြော Live Show လွှင့်တဲ့အခါ ဒီကိုယ်စားလှယ်က ဥပဒေနှင့်မညီ လုပ်ကိုင်ပါလားဆိုတဲ့ သူ့သိက္ခာထိခိုက်သွားမှာ ကျွန်တော်အများကြီး စိုးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ပထမပိုင်းကတော့ မညီဘဲပြောဆိုတဲ့ ကိုယ်စားလှယ်တွေကို ကျွန်တော့်ရုံးကျွန်တော်ခေါ်ပြီးသာ သတိပေးခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒါ ကိုယ့် ကိုယ်စားလှယ်တွေကို မထိခိုက်စေချင်လို့။ ဘာလို့လဲဆိုတော့ ကိုယ်စားလှယ်ဆိုတာက ဥပဒေပြုရေးတာဝန်ကို တာဝန်ယူနေကြတဲ့ပုဂ္ဂိုလ်တွေပါ။ အဲဒီတော့ ဥပဒေပြုရေးကို တာဝန်ယူတဲ့ ပုဂ္ဂိုလ်တွေက ဥပဒေနှင့်မညီ လုပ်ဆောင်နေပါလားဆိုတဲ့ ပြည်သူတွေ အမြင်မခံစေချင်လို့ ကျွန်တော် လွှတ်တော်မှာ မတားမြစ်ဘဲနဲ့ ကျွန်တော့်ရုံးခန်းခေါ်ပြီးတော့ ကျွန်တော် သတိပေးခြင်း ဖြစ်ပါတယ်။

အခုကတော့ ဒါ လွှတ်တော်သက်တမ်းတစ်ဝက် ကျိုးလာပြီဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ အတွေ့အကြုံတွေ အများကြီးရပြီလို့ ကျွန်တော် ယူဆပါတယ်။ အဲဒါကြောင့် ဆွေးနွေးတဲ့အခါမှာ အခုန ကျွန်တော်ပြောတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ ဆွေးနွေးကြပါ။ နောက်ပိုင်းဒီလိုမှ မဆွေးနွေးဘူးဆိုရင် ကျွန်တော့်အနေနဲ့ လွှတ်တော်ပေါ်ကပဲ ကန့်ကွက်ပါလိမ့်မယ်။ အဲဒီလိုကန့်ကွက်တဲ့အခါမှာ၊ တားမြစ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သိက္ခာထိခိုက်နိုင်ပါတယ်။ အဲဒါကြောင့် ကိုယ့်သိက္ခာ ကိုယ့်ပြန်မထိခိုက်နိုင်ဖို့ ဆွေးနွေးတဲ့အခါမှာ ကျွန်တော် အခုန ဥပဒေ၊ နည်းဥပဒေတွေနှင့်အညီ ဆွေးနွေးကြပါ။ ဆွေးနွေးမယ်ဆိုလည်း အစတည်းက ပြင်ဆင်လာတဲ့အခါမှာလည်း ဥပဒေ၊ နည်းဥပဒေတွေနှင့် ညီ၊ မညီ ကြည့်ပြီးမှ ပြင်ဆင်လာကြဖို့ ပြောကြားလိုပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း ဥပဒေ၊ နည်းဥပဒေတွေနဲ့ ဘောင်အတွင်းကပဲ ပြောဆိုဆွေးနွေးကြဖို့ အသိပေးပြောကြားလိုပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း တင်သွင်းတဲ့ မြန်မာနိုင်ငံမှာ လယ်ယာဥယျာဉ်ခြံမြေကို ဥပဒေမဲ့ အသုံးပြုနေကြလို့ စိုက်ပျိုးမြေတွေ အလျင်အမြန်လျော့နည်းလာတာ၊ လူနေမြို့ပြနှင့် ကျေးလက်တွေမှာ နောင်တစ်ချိန်လိုရင် ချန်ထားတဲ့ လူနေအိမ်ရာ

ချထားဖို့မသင့်လို့ လှပ်ခဲ့တဲ့မြေနေရာတွေ ပျောက်ဆုံးကုန်တာနှင့် ပတ်သက်ပြီး အဓိကတာဝန်ရှိတဲ့ စီမံခန့်ခွဲရေးကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်တို့ရဲ့ လျော့ရဲပြီး အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်တွေကို ထိထိရောက်ရောက် ထိန်းညှိပေးဖို့အတွက် အစီအမံတစ်ခု အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုအား ဝင်ရောက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရတဲ့ ပြဿနာက လက်ရှိမှာ ကြိုးပမ်းဖြေရှင်းနေရဆဲ ဖြစ်ပါတယ်။ ဒီမြေနေရာသိမ်းဆည်းမှုနှင့် ပြဿနာအပြင် နောက်ဆက်တွဲပေါ်ပေါက်လာတာကတော့ စိုက်ပျိုးရေးဆိုင်ရာ မြေတွေနဲ့ အခြားမြေအမျိုးမျိုးကို ဥပဒေနှင့်မညီဘဲ ပြောင်းလဲ အသုံးချလာတာပဲ ဖြစ်ပါတယ်။ တစ်ချိန်မှာ ဒီပြဿနာက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရတဲ့ ပြဿနာလိုပဲ ကြီးထွားလာနိုင်ပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးပေါ် မှီခိုနေရတဲ့ နိုင်ငံအနေနဲ့ ဒီပြဿနာရဲ့ အကျိုးဆက်ကို ရင်ဆိုင်လာရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးမြေတွေအပြင် မြို့ပြမှာဆိုလို့ရှိရင် အများပြည်သူအသုံးပြုဖို့ ရည်ရွယ်ထားတဲ့ အားကစားကွင်းတွေ၊ မြေကွက်လပ်တွေကို လက်ဦးမှုရယူပြီးတော့ ကိုယ်ကျိုးအတွက် အသုံးချခဲ့တဲ့အတွက် အများပြည်သူများ လေ့ကျင့်ရေး၊ လေ့ကျင့်ခန်းဆောင်ရွက်မယ့်နေရာ ပျောက်ဆုံးခဲ့ရတာ ဖြစ်သလို ကလေးသူငယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးရေးအတွက် လွတ်လပ်စွာဆော့ကစားရမယ့် နေရာတွေလည်း အလွန်နည်းပါးသွားပါတယ်။

ဒါဟာ စိုက်ပျိုးမြေများ ဆုံးရှုံးရတဲ့ပြဿနာနဲ့ အလားတူ နိုင်ငံသားများရဲ့ ကျန်းမာသန်စွမ်းမှု၊ အနာဂတ်လူငယ်များဖွံ့ဖြိုးမှုအပေါ်မှာ များစွာ ထိခိုက်လျက်ရှိပါတယ်။ အဆိုရှင် တင်သွင်းသွားသလိုပါပဲ။ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် အစရှိတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ ကော်မတီတွေဟာ မိမိတို့ တာဝန်ယူထားတဲ့ မြို့နယ်၊ ခရိုင်အတွင်းက လယ်ယာမြေတွေ၊ အခြားမြေအမျိုးမျိုးကို ပုံစံအမျိုးမျိုးနဲ့ ပြောင်းလဲအသုံးချလာတယ်လို့ ယူဆပါတယ်။ ဒါပေမဲ့ ထိရောက်စွာ အရေးယူမှု၊ ကိုင်တွယ်မှုမရှိတဲ့အတွက် လယ်ယာမြေကို အကွက်ရိုက်ပြီး မြေကွက်များ ဖော်ထုတ်ရောင်းချမှုတွေဟာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ အကျိုးဆက်အနေနဲ့ စည်း၊ စနစ်ကျနမှုမရှိတဲ့ လူနေ ရပ်ကွက်တွေ၊ ကျေးရွာများ ပေါ်ပေါက်လာပြီးတော့ ကျန်းမာရေးနှင့်ဆိုင်ရာ မြေယာစီမံကိန်း ပြဿနာ ပေါ်ပေါက်လာနိုင်ပါတယ်။

စိုက်ပျိုးမြေများ ဆုံးရှုံးပြီးတော့ စားနပ်ရိက္ခာထုတ်လုပ်ရေးမှာ ထိခိုက်လာနိုင်ပါတယ်။ ဖွံ့စည်းတည်ရှိပုံ စနစ်မကျတဲ့ မြို့နယ်၊ ရပ်ကွက်များ ဖြစ်လာနိုင်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနိုင်တဲ့ အလားအလာကောင်းတွေ ဆုံးရှုံးနိုင်ပါတယ်။ ဒီနေရာမှာ တစ်ချက်ထောက်ပြလိုတာကတော့ မြေတွေဈေးနှုန်းကြီးမားလာတာကြောင့် မြေယာဝယ်ယူပြီးတော့ စုဆောင်းလိုကြတဲ့အခါမှာဖြစ်စေ၊ လူဦးရေးတိုးပွားလာတဲ့အခါမှာဖြစ်စေ၊ မြေယာကို အဓိကပိုင်ဆိုင်ကြတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားရေးဘဝအခြေအနေနဲ့ ဆက်စပ်ပြီးတော့ ပြဿနာတွေ ဖြစ်နေပါတယ်။ ဥပမာအားဖြင့် တောင်သူလယ်သမားတွေဟာဆိုလို့ရှိရင် ဒီခေတ်မှာ အကြွေးအမျိုးမျိုးနဲ့ ဖိစီးမှုဒဏ် ခံစားနေရပါတယ်။ သူတို့ရဲ့ ငွေဖော်လိုတဲ့အခါမှာ ကျွန်မတို့နိုင်ငံက ပြဋ္ဌာန်းထားတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၃)၊ လယ်ယာမြေနှင့် လုပ်ပိုင်ခွင့်ရှိသူများရဲ့ အခွင့်အရေးများမှာဆိုရင် ယင်းပုဒ်မရဲ့ ပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)မှာ လယ်ယာမြေအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်း

ဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့်ပေးကမ်းခွင့် ဒါကိုရရှိအောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ယင်းဥပဒေရဲ့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(င)မှာဆိုလို့ရှိရင် အစိုးရဘဏ်များ သို့မဟုတ် အစိုးရ အသိအမှတ်ပြုဘဏ်များမှာ ပေါင်နှံခွင့်ရအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ ဒီဥပဒေပါ အခွင့်အရေးများကို ရရှိအောင် အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာမြေနှင့် အခြား မြေသိမ်းဆည်းမှု ဥပဒေ၊ ပြင်ပမှ သိမ်းဆည်းမှုကို ဒီဥပဒေဖြင့် ကာကွယ်ပေးနိုင်လို့ရှိရင် ကာကွယ်မှုကို လက်တွေ့မှာ ဆောင်ရွက်ပေးနိုင်လို့ရှိရင် ပြည်သူများဟာ ဥပဒေအကာအကွယ်ရရှိကြမှာ ဖြစ်ပါတယ်။ ယင်းပုဒ်မရဲ့ ပုဒ်မ ၁၂၊ (ဂ)မှာဆိုလို့ရှိရင် လယ်ယာမြေ လုပ်ပိုင်ခွင့် ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကို ဆောင်ရွက်တဲ့အခါမှာ ဦးစီးဌာနက သတ်မှတ်ထားတဲ့ တံဆိပ်ခေါင်းခွန်၊ စာချုပ်စာတမ်း၊ မှတ်ပုံတင်ခတို့ကိုလည်း ပေးဆောင်ပြီးတော့ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးမှာ မှတ်ပုံတင်ရမယ်လို့ သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ ဝန်ကြီးဌာနက မှတ်ပုံတင်ဖို့ လက်ခံ ဆောင်ရွက်နိုင်ခြင်း မရှိသေးတာတစ်ခု၊ နောက် အခွန်အခများကိုလည်း လက်ခံဆောင်ရွက်ခြင်း မပြုနိုင်သေးတာကြောင့် ပြည်သူလူထုမှာ အခွန်အခ ပေးနိုင်ခြင်းမရှိဘဲ ဌာနဆိုင်ရာအစိုးရကလည်း ဒီ အခွန်အခကို ရရှိနိုင်ခြင်း မရှိသေးပါဘူး။

ဒါကြောင့်မို့လို့ လက်ရှိဥပဒေကို ပြည်သူတွေ အသုံးပြုနိုင်အောင် သက်ဆိုင်ရာက အကူအညီ ပေးရမှာ ဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကျွန်မမြို့နယ် မဲဆန္ဒနယ်နှင့် ပတ်သက်ပြီးတော့ ထည့်သွင်းဆွေးနွေးလိုပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်ဟာဆိုလို့ရှိရင် ဧရိယာ စတုရန်း မိုင်ပေါင်း(၂၃၁၆.၈၇) ရှိပါတယ်။ ကျွန်မရဲ့မြို့နယ်မှာ မြို့သိမ်းလို့ဖြစ်စေ၊ မြို့သိမ်းမြေကြောင့်ဖြစ်စေ၊ တပ်သိမ်းမြေကြောင့်ဖြစ်စေ၊ စားကျက်မြေပြဿနာကြောင့်ဖြစ်စေ၊ အမှုအရေအတွက်ပေါင်း (၈၀)မက ရှိပါတယ်။ လက်တွေ့မှာ ဒါ ကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိသေးပါဘူး။ အဲဒီတော့ ဒီမြို့နယ်မှာ သိမ်းဆည်း ခံရတဲ့ မြေတွေနဲ့ မြို့နယ်လူဦးရေကို ကျွန်မတို့ လေ့လာကြည့်ပါတယ်။ မြေအသုံးချမှု၊ စီမံခန့်ခွဲမှု အများကြီးလိုအပ်နေတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။

ဒီမြို့နယ်မြေအသုံးချမှုနှင့် ပတ်သက်ပြီးတော့ ကျွန်မ ပြည်သူတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အမ်း မြို့နယ်ရဲ့ မြို့နယ်တစ်ခုဖြစ်တဲ့ တပ်တောင်မြို့နယ် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ ဆောင်ရွက်နေတဲ့ ဈေးကို ဈေးသူ၊ ဈေးသားများနဲ့ တွေ့ရှိတဲ့အခါမှာ စည်ပင်သာယာရေးကော်မတီမှာ ပထမတော့ စည်ပင်သာယာရေးကော်မတီက ဒီကိစ္စတွေကို ဆောင်ရွက်ပါတယ်။ မြို့သူ၊ မြို့သားများက အထူးသဖြင့် ဈေးသူ၊ ဈေးသားများလည်း တင်ပြတဲ့အခါမှာ စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ဈေးမှာ သန့်စင်ခန်းတွေကို စည်ပင်သာယာရေးကော်မတီကပဲ နည်းတစ်မျိုးမျိုးနဲ့ ပြည်သူတစ်ဦးဆီကို ဒါရောင်းချထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်သူလူထုက မြို့မှာ သန့်စင်ခန်း မရှိတဲ့အတွက်ကြောင့် တင်ပြကြပါတယ်။ စည်ပင်သာယာရေးကော်မတီ ကိုယ်၌ကိုက သန့်စင်ခန်း၊ အများပြည်သူသုံးတဲ့ သန့်စင်ခန်းနေရာကို ယမကာရောင်းတဲ့ ဆိုင်တစ်ဆိုင်အဖြစ် ရောင်းချပြီး ဖွင့်လှစ်ထားတာ တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒီတစ်နှစ်ကျော်ကာလအတွင်းမှာ ဒီပြဿနာကို ယခုထက်ထိ ဖြေရှင်းခြင်း မရှိသေးပါဘူး။

နောက်တစ်ခု ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမ်းမြို့နယ်ရဲ့ ရူးကျေးရွာမှာ ဆိုလို့ရှိရင် ပြည်သူအများပိုင်စျေးနေရာကို ပြည်သူ(၂)ဦးကနေပြီးတော့ အိမ်အခိုင်အမာတည်ဆောက်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စည်ပင်သာယာရေးကော်မတီက ဖြေရှင်းပေးဖို့ ကျွန်မ အကြိမ်ကြိမ်ပြောဆိုပေမယ့် မြို့နယ်အဆင့်မှာသော်လည်းကောင်း၊ ပြည်နယ်အဆင့်မှာသော်လည်းကောင်း ဒါ (၂)နှစ်ကျော်ကြာတဲ့အထိ ပြည်သူအများပိုင်တဲ့ စျေးနေရာကို ဖြေရှင်းပေးခြင်း မရှိသေးပါဘူး။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ ဒီအဆိုကို ဆွေးနွေးရမယ်ဆိုလို့ရှိရင် လယ်ယာမြေ၊ ခြံမြေတွေ၊ အခြားမြေများကို ဥပဒေနှင့်မညီဘဲ အနာဂတ်မြေအသုံးချမှုဆိုင်ရာ လိုအပ်ချက်တွေကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ၊ သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးမှုကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ၊ အများပြည်သူများရဲ့ဆန္ဒကို ထည့်သွင်းစဉ်းစားခွင့် မပြုဘဲ ဒါတွေ ဆောင်ရွက်ဖို့ မသင့်ပါဘူး။ ဒါကြောင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာ အားနည်းချက်များ၊ မသိကျိုးကျွံပြုမှုများ၊ မလျော်ကန်မှုများ ဆောင်ရွက်နေမှုတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီမြေယာစီမံခန့်ခွဲမှုဆိုင်ရာ ပိုမိုအားကောင်းလာစေရန်အတွက် သက်ဆိုင်ရာ မြေယာနှင့်ပတ်သက်ပြီးတော့ ထိန်းသိမ်းဆောင်ရွက်မှုရှိတဲ့ ပုဂ္ဂိုလ်များက ဒီအစီအမံများကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေနှင့်အညီ ပြင်ဆင်သင့်ကြောင်း ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်သင့်ကြောင်း အဆိုရှင်တင်ပြတဲ့အတိုင်း လယ်ယာမြေနှင့်ပတ်သက်လို့ အစီအမံများ၊ နောင်အနာဂတ်အတွက် သေချာစနစ်ကျနတဲ့ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အားလုံးပဲ မင်္ဂလာပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ အဆိုနဲ့ စပ်လျဉ်းပြီး အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန်စပါး၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံများဟာ မြန်မာနိုင်ငံသားအားလုံး နေ့စဉ်စားသုံးနေတဲ့ အခြေခံကျတဲ့ စားနပ်ရိက္ခာများ ဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ စားနပ်ရိက္ခာဟာ လူဦးရေတိုးတက်မှုနှင့်အညီ နေ့စဉ်တိုးတက်နေသော်လည်း ရိက္ခာထုတ်ပေးတဲ့ လယ်ယာမြေများဟာ အကြောင်းမျိုးစုံနဲ့ ဆုတ်ယုတ်နေလျက်ရှိပါတယ်။ စားသုံးသူဘက်က တိုးတက်နေသော်လည်း ထုတ်လုပ်မှုဘက်က လျော့နည်းသွားမည်ဆိုပါက ပြည်သူ့ရိက္ခာဖူလုံမှုအပေါ် ထိခိုက်လာမှာဖြစ်သလို ပြည်ပနိုင်ငံများကပင် ပြန်လည်တင်သွင်းရမယ့် အခြေအနေမျိုးကို ရောက်ရှိလာနိုင်မှာ ဖြစ်ပါတယ်။ လယ်ယာမြေကဏ္ဍဟာ မြန်မာနိုင်ငံအတွက် အဓိက အခြေခံကျတဲ့ ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ လယ်ယာမြေအပေါ်မှာ မူတည်ပြီး အရေးပါတဲ့အချက်များ အချို့ကတော့ မြန်မာနိုင်ငံရဲ့

ကျေးလက်ဒေသမှာ နေထိုင်တဲ့ လူဦးရေဟာ(၇၃)ရာခိုင်နှုန်းခန့်ရှိပြီး အများစုဟာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ လယ်ယာမြေပေါ်မှာ မှီခိုအားထားလုပ်ကိုင်နေကြတဲ့ လယ်သမား၊ ယာသမား၊ လယ်လုပ်သား၊ ယာလုပ်သားများဖြစ်ပြီး နိုင်ငံတော်စီးပွားရေးရဲ့ (၄၂)ရာခိုင်နှုန်းဟာ လယ်ယာမြေကို အခြေပြု ဆောင်ရွက်လျက်ရှိရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကရပ်တည်လျက်ရှိခြင်း၊ ပြည်သူများ၏ အဓိကစားကုန်အဖြစ် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံမျိုးစုံတို့ကို ထုတ်ပေးရာ သဘာဝအရင်းအမြစ်ကြီးဖြစ်ခြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ငါး၊ ကြက်၊ ဝက် စသည့် တိရစ္ဆာန်များအတွက် မွေးမြူရေး အစားအစာများသည်လည်း လယ်ယာထွက်ကုန်များဖြစ်သည့် ဖွဲ၊ ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်များပေါ်တွင် မှီခိုနေရခြင်းကြောင့် သား၊ ငါးထုတ်လုပ်မှု အတွက်လည်း လယ်ယာကဏ္ဍဟာ အဓိကကျခြင်း၊ လယ်ယာမြေများဟာ ရေချိုငါးအမျိုးမျိုးကို ပေါက်ဖွားထုတ်လုပ်ပေးရာ နေရာဖြစ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ လယ်ယာမြေကို လုပ်ပိုင်ခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး လယ်ယာမြေကို အသုံးပြု၍ စိုက်ပျိုးရေးတွင် ပါဝင်ဆောင်ရွက်နေသူ၊ အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုတွင် အခြေချနေထိုင်သူ၊ အသက်(၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို လယ်ယာမြေလုပ်ပိုင်ခွင့်ထုတ်ပေးပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြားနည်းလမ်းဖြင့် ပြန်လည်သုံးစွဲခွင့်မပြုရ။ လယ်ယာမြေကို မူလစိုက်ပျိုးထားသော သီးနှံအမျိုးအစားများမှအပ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရဟု ပါရှိပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူအနေဖြင့် လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်များကို ခွင့်ပြုထားပြီး ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြို့နယ်ဦးစီးရုံးများတွင် မှတ်ပုံတင်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေများ နည်းလမ်းမျိုးစုံဖြင့် ဆုံးရှုံးလျက်ရှိရာ နည်းလမ်းအချို့ကတော့ နိုင်ငံတော်စီမံကိန်းများ၊ ဌာနဆိုင်ရာလုပ်ငန်းများ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများတည်ဆောက်ခြင်း၊ အိမ်ရာစီမံကိန်းများတည်ဆောက်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ သင်တန်းကျောင်းများတိုးချဲ့တည်ဆောက်ခြင်း၊ ကြက်၊ ဘဲစသည့်မွေးမြူရေးခြံများ တည်ဆောက်ခြင်း၊ ငါးမွေးမြူရေးကန်များတူးဖော်ခြင်း၊ ဥယျာဉ်ခြံမြေအဖြစ်ဆောင်ရွက်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များ တည်ဆောက်ခြင်း၊ အထူးသဖြင့် လယ်ယာမြေများကို အကွက်ရိုက်ကာ ပုဂ္ဂလိကစီးပွားရေးဆန်သည့် အိမ်၊ ခြံကွက်များအဖြစ် စီးပွားဖြစ်ဆောင်ရွက်နေခြင်းတို့ပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မူလလယ်သမားထံမှ သက်သာသောဈေးနှုန်းဖြင့်ဝယ်ယူပြီး ခြံစည်းရိုးသဖွယ် ဧရိယာခတ်ပြီး ကြော်ငြာဆိုင်းဘုတ်တင်၍တစ်မျိုး၊ သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာ၍တစ်ဖုံ ရောင်းဝယ်ဖောက်ကားလာမှုကို တွေ့မြင်နေရပါတယ်။ လယ်ယာခြံမြေကို အိမ်ခြံမြေများအဖြစ် စီးပွားရေးဈေးကွက်သဖွယ် အဆင့်ဆင့်ရောင်းဝယ်လျက်ရှိနေခြင်းဟာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ကျဆင်းစေပြီး လယ်ယာမြေများ ဆုတ်ယုတ်မှုကိုဖြစ်စေပါတယ်။ သေချာတာကတော့ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာမြေများဟာ အိမ်ခြံမြေများအဖြစ် ပြောင်းလဲသွားခြင်းပင် ဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသောသူများအနေဖြင့် မမျှော်လင့်သောဈေးနှုန်းများ ရရှိခြင်းကြောင့် သားစဉ်မြေးဆက်

လုပ်ကိုင်စားသောက်ခွင့်ရသော လယ်ယာမြေများ၊ နိုင်ငံတော်က စိုက်ပျိုးရေးဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးသော လယ်ယာမြေများကို လတ်တလောငွေရရှိမှုကိုကြည့်ကာ လယ်ယာမြေများကို ရောင်းချနေခြင်းကြောင့်လည်း လယ်မဲ့၊ ငွေကုန်ဖြစ်ပြီး လယ်ပိုင်၊ ယာပိုင်ဘဝမှ လယ်မဲ့၊ ယာမဲ့ဘဝများသို့ ရောက်ရှိကြပြီး လယ်လုပ်သားဘဝသို့ ရောက်ရှိသွားကြတဲ့ လယ်သမားတွေလည်း အများအပြား ရှိနေပါတယ်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့ မြို့၊ ကျေးရွာများနှင့် ဆက်စပ်တဲ့ လယ်မြေများ၊ ရန်ကုန် - မန္တလေး လမ်းမဟောင်းနှင့် အဓိကလမ်းမကြီးများ၏ ဘေးဘက် ဝဲ/ယာရှိ လယ်ယာမြေများဟာ အိမ်ယာကွက်များ၊ စက်ရုံ၊ အလုပ်ရုံ၊ စက်သုံးဆီအရောင်းဆိုင် မြေကွက်များအဖြစ် အရှိန်အဟုန်နှင့် ပြောင်းလဲလျက်ရှိနေတာကို မြင်တွေ့နေရမှာဖြစ်ပါတယ်။

လယ်ယာမြေ ဝယ်ယူသူများဟာ မူလစိုက်ပျိုးသီးနှံများ စိုက်ပျိုးရေးဆောင်ရွက်မှုလုပ်ငန်းနည်းပါးပြီး အကျိုးအမြတ် ကောင်းတဲ့ရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအတွက် ဆောင်ရွက်နေကြပါတယ်။ ဆောင်ရွက်မှုအချို့ကတော့ ငွေကြေးခက်ခဲမှုတွေ့နေသော လယ်ယာလုပ်ပိုင်ခွင့်ရှိသူများထံမှ ဈေးပေါပေါဖြင့် ဝယ်ယူစုဆောင်းထားခြင်း၊ လယ်ယာမြေများကို ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲရန်အတွက် ဝယ်ယူကြခြင်း၊ မြို့ဝင်/မြို့ထွက်၊ ရွာဝင်/ရွာထွက်နှင့် ရွာချင်းဆက်၊ မြို့ချင်းဆက် လမ်းမဘေးရှိ လယ်ယာမြေများကို စက်ရုံ၊ အလုပ်ရုံအဖြစ်လည်းကောင်း၊ အမြတ်အစွန်းများသော အိမ်ခြံမြေကွက်များအဖြစ်လည်းကောင်း၊ ပြောင်းလဲရန်ဝယ်ယူခြင်း၊ မြေယာပိုင်ဆိုင်မှု ရည်ရွယ်ချက်ဖြင့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက ဝယ်ယူစုဆောင်းခြင်း၊ ဒီလိုစုဆောင်းတဲ့နေရာမှာ နိုင်ငံသားမဟုတ်သူများကလည်း နိုင်ငံသားအမည်ခံယူပြီး ဝယ်ယူနေကြတယ်လို့ ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံအတွင်းရှိပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် သဘာဝသယံဇာတဖြစ်တဲ့ လယ်ယာမြေများကိုရရှိထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ တစ်ချို့နိုင်ငံများဟာ တော၊ တောင်ထူထပ်ခြင်း၊ သဲကန္တာရဖြစ်ခြင်းများကြောင့် စားနပ်ရိက္ခာအတွက် ပူပန်ကြရပါတယ်။ မြန်မာနိုင်ငံရဲ့ တွင်းထွက်သယံဇာတ၊ သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲမှုများသောကြောင့် ကုန်လုနီးပါးအခြေအနေသို့ ရောက်ရှိနေပါတယ်။ အရေးကြီးဆုံးဖြစ်တဲ့ လယ်ယာမြေ သယံဇာတဆုံးရှုံးသွားပါက ရိက္ခာဖူလုံမှုထိခိုက်လာပြီး နိုင်ငံတော်စီးပွားရေးပါ ထိခိုက်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သားစဉ်မြေးဆက်များအထိ ပြည်တွင်းရိက္ခာဖူလုံမှုရှိရန်မှာ လယ်ယာမြေများ တည်တံ့ဖို့ အထူးလိုအပ်လှပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေနှင့် နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့်ခြံမြေ၊ မြေနုကျွန်းအားလုံး ပါဝင်သည်ဟု ဖော်ပြထားသော်လည်း လယ်ယာမြေများကို ခြံခတ်ထားပြီး အိမ်ခြံမြေအဖြစ်ပြောင်းလဲရန် အဆင်သင့်ဖြစ်နေသည့် လယ်ယာခြံမြေအမျိုးအစားတစ်မျိုး ရှိနေလားလို့ မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့အနှံ့၊ နယ်အနှံ့မှာ လယ်ယာမြေများကို ခြံမြေများ၊ အိမ်ကွက်များအဖြစ် အတောမသတ်ပြောင်းလဲနေခြင်းကို အချိန်မီထိန်းသိမ်းရန် လိုအပ်နေပါတယ်။ ခြံခတ်ထားသော၊ ခြံစည်းရိုးတိုင်ကာရံထားသော လယ်ယာမြေများ၊ အိမ်ရာ၊ ခြံမြေပြောင်းလဲပြီးသော လယ်ယာမြေစာရင်းများကို ကောက်ယူသင့်ပါတယ်။ လယ်ယာမြေအရောင်းအဝယ်များ၊ စိုက်ပျိုးမြေဆုံးရှုံးမှုများကို သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်က စိစစ်ကြပ်မတ်ခြင်း၊ ဖော်ထုတ်အရေးယူခြင်းများ

ဆောင်ရွက်ခြင်းနှင့် လယ်ယာမြေထိန်းသိမ်းနိုင်သော မြေယာနှင့်ပတ်သက်သည့် မူဝါဒတစ်ရပ်ကို ချမှတ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားသင့်ပါကြောင်း မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်း ရဲ့ အဆိုကို အကြံပြုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် လယ်ယာမြေများ၊ စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ (ကော်သုံးကော်)၏ အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးမည့် အစီအမံတစ်ရပ်ကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ တရားဥပဒေစိုးမိုးရေး ရှုထောင့်ကနေပြီးတော့ ချဉ်းကပ်ပြီးတော့ ဖြည့်စွက်အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခရီးသွားတဲ့အခါမှာ မော်တော်ကားလမ်းရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ကျောက်တိုင်များ အကွက်စိုက်ပြီးတော့ ကာရံထားတဲ့ လယ်မြေတွေကို ပြည်နယ်၊ တိုင်းဒေသကြီး အနှံ့အပြားမှာ တွေ့မြင်ကြရပါတယ်။ အကွက်စိုက်ပြီးတော့ ဥပဒေမဲ့ အများဆုံး ရောင်းစားနေတဲ့ မြေအမျိုးအစားမှာ လယ်ယာမြေတွေပါ ပါတယ်။ ကားလမ်းမကြီးဘေးမှာ ကပ်လျက်ရှိတဲ့ လယ်မြေတွေ၊ မြို့နဲ့ ရွာနဲ့ကပ်နေတဲ့ လယ်ယာမြေများက အများဆုံးပါဝင်ပါတယ်။ လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်နှင့် ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၁၀)၊ ပုဒ်မ ၃၀(က) နှင့် (ခ)မှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုနိုင်ပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထောက်ခံချက်သာပေးနိုင်တဲ့အကြောင်း ပါရှိပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများအနေနှင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ထောက်ခံချက်နှင့်သာ ဒီဟာကို အခြားနည်းသုံးစွဲခွင့် ပြုနိုင်တာဖြစ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်အရ ယခင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၂)ဖြင့် ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေ ပုဒ်မ

၅၂၊ ၅၃၊ ၅၄ တို့မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတာကို အတိအကျ၊ အသေးစိတ်ပြဋ္ဌာန်းထားတာ တွေ့ရှိနိုင်ပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ၁၆-၁၀-၂၀၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂) နဲ့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီးတော့ အဲဒီနေ့ ရက်စွဲနဲ့ပဲ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)နဲ့ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ထုတ်ပြန်သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီအမိန့်ကြော်ငြာစာမှာ အပိုဒ်(၂)ပိုဒ်ပါပြီးတော့ အပိုဒ်(၂)မှာ (က)က(ဂ)ထိ အပိုဒ်ခွဲ(၄)ခု ပါ ပါတယ်။ အပိုဒ်ခွဲ(က)မှာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြီးတော့ ခရိုင်၊ ပြည်နယ်တို့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် (၂၁)ချက်ကိုလည်းကောင်း၊ အပိုဒ်(ခ)မှာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် (၁၉)ချက်ကိုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့် အချက်(၂၀)ကိုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ)မှာ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များရဲ့ လုပ်ပိုင်ခွင့် (၁၃)ချက်ကိုလည်းကောင်း၊ စာအမှတ် ၁၂/လယ-၃/၁/(၀၀၂/၂၁၁၂)နဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုးပြီးတော့ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ အခု ဒါတွေကိုတင်ပြနေတာကတော့ တရားဥပဒေစိုးမိုးရေးရှုထောင့်က တင်ပြနေခြင်းဖြစ်ပါတယ်။

အခု လယ်ယာမြေလုပ်ပိုင်ခွင့်ရသူတွေရော၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များပါ ဒီလိုဆိုင်ရာဥပဒေများရဲ့ ခွင့်ပြုချက်မရှိဘဲနဲ့ ရောင်းစားနေကြတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ စည်းကမ်းမဲ့နေတဲ့အဆင့်ထက်ကျော်ပြီးတော့ ဥပဒေကိုဖောက်ဖျက်ကျူးလွန်နေတယ်လို့ ကျွန်တော်တော့ မြင်ပါတယ်။ ဥပဒေရဲ့သဘောကတော့ လုပ်ရမယ်လို့ပြောတာကို မလုပ်ရင်၊ မလုပ်ရဘူးလို့ပြောတာကို လုပ်ရင်ဥပဒေကို ဖောက်ဖျက်ကျူးလွန်တာ ဖြစ်တယ်လို့ဆိုလိုပါတယ်။ အဲဒီတော့ ဒီမှာလည်း နိုင်ငံ့ဝန်ထမ်းဥပဒေများ၊ နည်းဥပဒေများလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ရာဇသတ်ကြီးပုဒ်မ ၂၁ မှာလည်းပဲ ပြည်သူ့ဝန်ထမ်းဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုထားတာ ရှိပါတယ်။ နောက်တစ်ခုကလယ်ယာမြေကို ဥပဒေနှင့် မညီဘဲနဲ့ သုံးနေကြတာနဲ့ပတ်သက်ပြီးတော့ ဥပဒေမသိလို့ပါလို့ ဆိုပြီးတော့ပြောရင် ဥပဒေကခွင့်ပြုလို့ မရပါဘူး။ Ignorance of Law Is No Excuse ဆိုတဲ့ ဥပဒေဆိုရိုးစကားရှိပါတယ်။ ကျွန်တော် ဒါကတော့ လယ်ယာမြေကို သုံးနေတဲ့အပိုင်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြခြင်းဖြစ်ပါတယ်။

ကိုယ်တွေ့ကြုံခဲ့တဲ့ အခြားမြေများနဲ့ ပတ်သက်ပြီးတော့ ကိစ္စတစ်ခုကို တင်ပြလိုပါတယ်။ အဲဒါကတော့ ပဲခူးတိုင်းဒေသကြီးမှာ ဖြစ်ခဲ့တဲ့ကိစ္စပါ။ ဒီ တိုးချဲ့ရပ်ကွက်တစ်ခုမှာ အများဆိုင်ရာကိစ္စအတွက် သုံးဖို့ထားတဲ့မြေကို ပြည်သူ(၆၀၀)လောက်က ကန့်ကွက်နေတဲ့ကြားကနေပြီးတော့ ပုဂ္ဂိုလ်တစ်ဦးကို ပဲခူးတိုင်းဒေသကြီး ယခင်အစိုးရအဖွဲ့ကနေပြီးတော့ မြေပေးမိန့်ချပေးခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။ မူလကတည်းကနေပြီးတော့ အများပြည်သူသုံးဖို့အတွက် ချန်ထားတဲ့မြေကို ပထမ ကျူးကျော်သူက ဝင်ခြံခတ်တယ်။ ပြီးတော့ အဲဒီမှာ အများပြည်သူသုံးဖို့ ငွေကြေးကုန်ကျခံပြီး တူးထားတဲ့ ရေတွင်းကို၊ ရေကန်ကို မြေဖို့ပစ်တယ်။ ပြီးတော့မှ တဲအိမ်ဆောက်ပြီးတော့ ဝင်နေတယ်။ ဒါကို အဲဒီအချိန်မှာ ခရိုင်ကောလိတ္တော်အရာရှိကနေပြီးတော့ ကျူးကျော်သူများကိုတားမြစ်ဖို့၊ ဖယ်ရှားခိုင်းဖို့လို့ အမိန့်တစ်ရပ်

တစ်ခရိုင်လုံးကို ထုတ်ထားပါတယ်။ သို့သော် မြို့နယ်အုပ်ချုပ်ရေးအရာရှိကတော့ အဲဒီလူကို ပေးဖို့လို့ သက်ဆိုင်ရာ ကန့်ကွက်တဲ့ ပြည်သူတွေကို ခေါ်ညှိခဲ့ကြောင်းသိရပါတယ်။ နောက်ဆုံးတော့ အဲဒီလူဟာ အဲဒီမြေကို ကွယ်လွန်သူတစ်ယောက်ဆီကနေ ဝယ်ခဲ့တယ်ဆိုပြီးတော့ သူစာချုပ်လုပ်ပါတယ်။ ဖြစ်ချင်တော့ အဲဒီစာချုပ်ဟာ ကွယ်လွန်သူသေပြီးတဲ့နောက်(၅)နှစ်ရက်စွဲနဲ့ ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ကလည်း ကွင်းဆင်းစစ်ဆေးခဲ့တဲ့အခါမှာ သူ့ရဲ့ဖခင်နဲ့အတူနေခဲ့တဲ့၊ နောက်ဆုံးသေတဲ့အထိ နေခဲ့တဲ့သားကိုစစ်တော့ ဒီနေရာဟာ သူတို့မြေလည်းမဟုတ်ခဲ့ဘူး။ သူတို့ရောင်းခဲ့တာလည်း မသိခဲ့ဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ စိတ်ဝင်စားစရာကောင်းတာကတော့ အဲဒီတုန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးက မြေပေးမိန့်မှာ၊ အဲဒီအရောင်းအဝယ်စာချုပ်အရ မြေပေးမိန့် ချပေးခဲ့ကြောင်း ဖော်ပြထားပါတယ်။ စာချုပ်ကမှတ်တမ်းဖိုင်မှာ မရှိပါဘူး။ မြေပေးမိန့်လျှောက်ထားသူကလည်းပဲ သူ့စာချုပ်ကို လူကြီးတွေက တရားမဝင်ဘူးဆိုပြီးသိမ်းထားလို့ မြေပေးမိန့်လျှောက်ရာမှာ ပူးတွဲတင်ပြနိုင်ခြင်း မရှိခဲ့ပါဘူးလို့ ထွက်ဆိုထားတာရှိပါတယ်။

အဲဒီတော့ ဒီကိစ္စကို တိုင်းဒေသကြီးလွှတ်တော်မှာ မေးပေမယ့် ဆိုင်ရာက တရားဝင်သယောင် လုံးပြီးလာဖြေသွားပါတယ်။ ကျွန်တော်တို့ ကော်မတီကို တင်ပြတဲ့အခါမှ ဆင်းစစ်တဲ့အခါမှာတော့ ကျွန်တော်တို့တွေ့ပါတယ်။ မှတ်တမ်းမှတ်ရာများ အပြည့်အစုံရှိပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာကို တလွဲသုံးနေကြောင်းနဲ့ တာဝန်ရှိသူတွေဟာ ဥပဒေကိုချိုးဖောက်နေကြကြောင်းတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးမျိုးဝင်း ရဲ့အဆိုမှာ ဖော်ပြထားသလို (ကော်သုံးကော်) သာမကဘဲနဲ့ တာဝန်ရှိသူများ အပါအဝင် ဥပဒေကို ချိုးဖောက်ဆောင်ရွက်နေကြသူများကို ထိန်းညှိပေးနိုင်မယ့် အစီအမံတစ်ရပ်ကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်သင့်ပါကြောင်း ဖြည့်စွက်အကြံပြုရင်း ဦးမျိုးဝင်း ရဲ့အဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၁။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံမှာ လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို

ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအစဉ်တစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည် ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး အကြံပြုထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုမှာပါတဲ့အတိုင်း အဆိုကို ကျွန်မရှေ့က ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ် များရဲ့ ဆွေးနွေးချက်များနည်းတူ ကျွန်မတို့ မွန်ပြည်နယ်မှာလည်း လယ်ယာဥယျာဉ် ခြံမြေတွေကို ဥပဒေနှင့်မညီဘဲ အခြားနည်းအသုံးပြုမှုတွေ များလာပါတယ်။ အခြားနည်းအသုံးပြုလိုတဲ့ လယ်ယာ ဥယျာဉ်ခြံရှင်တွေဟာ လုပ်ပိုင်ခွင့်ရှိသူတွေနောက်ကို အရင်ခေတ်တွေကလိုပဲ အထုပ်ပိုက်ပြီး လိုက်နေကြဆဲ ဖြစ်ပါတယ်။ အဲဒီနည်းလမ်းအဟောင်းတွေအတိုင်းပဲ အပေးအယူတည့်ပြီး အဆင်ပြေနေကြဆဲ ဖြစ်ပါ တယ်။ ဥပမာ ရော်ဘာခြံတစ်ဧကကို ရော်ဘာမစိုက်တော့ဘဲနဲ့ အခြားသီးနှံလည်း မစိုက်ဘဲ အိမ်ခြံမြေ အကွက်ရိုက်ပြီး ရောင်းစားမယ်ဆိုရင် လတ်တလောမှာ အကျိုးအမြတ်များတာကြောင့် ခြံရှင်တွေဟာ ခြံကွက်ဖော်ချင်တယ်။ အဲဒီတော့ ခွင့်ပြုချက်ပေးနိုင်တဲ့သူတွေကို ချဉ်းကပ်ပြီးတော့ အရေးယူပိုင်ခွင့် ရှိတဲ့ သူတွေကိုလည်း နားလည်မှုယူထားတယ်။ အကွက်ဖော်ခွင့်ရရင် ဘယ်နှစ်ကွက်ပေးပါမယ်။ ဘယ်လောက်ပေးပါမယ်ဆိုတဲ့ အပေးအယူတွေနဲ့ အလျင်အမြန်လုပ်လာကြတာကို ကြားသိနေရပါတယ်။

လတ်တလောမှာ လူနည်းစုအတွက် အဆင်ပြေနိုင်ပေမယ့် ဒီလိုပုံစံမျိုး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စိုက်ပျိုးမြေတွေ လျော့နည်းလာမယ်ဆိုရင် အဆိုရှင်ဆွေးနွေးသလို နောင်တစ်ချိန်မှာ နိုင်ငံရဲ့ စိုက်ပျိုးရေးထွက်ကုန်တွေ လျော့နည်းကျဆင်းလာနိုင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ စက်မှုနိုင်ငံ အဖြစ်ကို ထူထောင်နိုင်တဲ့အခြေအနေမှာ မရှိသေးပါဘူး။ စိုက်ပျိုးရေးထုတ်ကုန်တွေကိုသာ အားထားရ အုံးမှာဖြစ်ပါတယ်။ အဲဒီအတွက် Productivity လိုပါတယ်။ ထုတ်ကုန်တင်ပို့နိုင်မှုအားနည်းရင် Trade Deficit ဆိုတဲ့ ကုန်သွယ်မှုလိုငွေလည်း အမြဲတမ်း ပြနေမှာဖြစ်ပြီးတော့ အခုလတ်တလော ကြုံတွေ့ နေရသလို၊ အရင်ကလည်း ကြုံတွေ့ခံစားခဲ့ရသလို စီးပွားရေးအခက်အခဲတွေ၊ ငွေကြေးအကြပ်အတည်း တွေကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြားနည်းသုံးခွင့် ပေးသင့်/ မပေးသင့်ကို သေချာ စိစစ်ပြီးတော့မှ ဥပဒေနှင့်အညီ ဆောင်ရွက်စေလိုပါတယ်။

မြို့နယ်အဆင့် ကော်မတီတာဝန်ရှိသူတွေဟာ အထက်မှာ ကျွန်မ ဆွေးနွေးခဲ့တဲ့ ကိစ္စတွေမှာ ကိုယ်တိုင်အဂတိလိုက်စားပြီးတော့ ပါဝင်ပတ်သက်တာတွေရှိသလို၊ သူတို့အထက်ကပုဂ္ဂိုလ်တွေ လုပ်တာကို မပြောရဲလို့၊ အမုန်းမခံချင်လို့ စတဲ့အဂတိတရားအမျိုးမျိုးနဲ့ ကိုယ့်ရဲ့တာဝန်တွေ၊ တည်ဆဲ ဥပဒေတွေကို လျစ်လျူရှုခဲ့ကြပါတယ်။ ပိုဆိုးတာကတော့ ချောင်းမြေ၊ ကျွန်းမြေ ကျွန်မတို့မြို့နယ်မှာ ဆိုရင် ပင်လယ်သဲသောင်မြေ၊ ဓနိတောမြေ၊ ဒီရေတောတွေကအစ စီးပွားရေးသမားတွေ ရယူသိမ်းပိုက် ထားခဲ့တဲ့အဆင့်အထိ တာဝန်ရှိသူတွေ တာဝန်မဲ့ခဲ့ကြပါတယ်။ အခုအချိန်မှာ ဒီပြည်သူပိုင်မြေတွေကို ကျွန်မတို့က ပြန်လည်ရရှိဖို့အတွက်ကို ကြိုးစားနေတဲ့အချိန်မှာ အခက်အခဲဖြစ်အောင်၊ အဟန့်အတား ဖြစ်အောင် အလုပ်ဆုံးကလည်း အဲဒီတာဝန်ရှိသူတွေဖြစ်နေတာကို ကျွန်မတို့ စိတ်မကောင်းစွာ ကြုံတွေ့ နေရပါတယ်။ ဥပဒေကို လိုက်နာဖော်ဆောင်ရမယ့်သူတွေကပဲ ဥပဒေကို ချိုးဖောက်နေကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုလုပ်ပိုင်ခွင့်ရှိသူတွေကို ဒီလုပ်ပိုင်ခွင့်တွေကို ဒီလိုပုဂ္ဂိုလ်တွေလက်ထဲကို ဝကွက်အပ်ပြီးတော့ စီမံခန့်ခွဲစေတာမျိုးကို ဆက်ပြီးတော့ ခွင့်ပြုသင့်ပါသလား။ ဒီလိုဆိုရင် မျှော်လင့် ထားတဲ့ အပြောင်းအလဲကို ကျွန်မတို့ပြည်သူတွေ မြင်တွေ့ရဖို့မလွယ်ပါဘူး။ ဒါကြောင့် ဒီအဖွဲ့အစည်း

တွေကို ပြင်ဆင်ပြောင်းလဲဖွဲ့စည်းဖို့အတွက်ကို အရေးတကြီး လိုအပ်နေပါပြီဆိုတာကို ဆွေးနွေးလို ပါတယ်။

မြို့နယ်မှာ ကျွန်မတို့ ဘာကော်မတီတွေ၊ ဘာအဖွဲ့အစည်းတွေပဲ ဖွဲ့လိုက် ဖွဲ့လိုက် မြို့နယ် အုပ်ချုပ်ရေးမှူးဟာ ဥက္ကဋ္ဌဖြစ်နေတယ်။ အဖွဲ့ခေါင်းဆောင်ဖြစ်နေတာကိုက အဲဒီကော်မတီတွေ၊ အဲဒီအဖွဲ့အစည်းတွေ ဖွဲ့စည်းရခြင်းရဲ့ မူလရည်ရွယ်ချက်၊ ရည်မှန်းချက်တွေနဲ့ လွဲချော်နေတာ ဖြစ်ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးခေါင်းဆောင်တဲ့ အဖွဲ့တွေ ကျွန်မတို့ မြို့နယ်တွေမှာ အများကြီး ရှိပါတယ်။ ဘာတစ်ခုမှ ထိထိရောက်ရောက် မစွမ်းဆောင်နိုင်ပါဘူး။ ရှင်းရှင်းပြောရလို့ရှိရင် ကျွန်မတို့ အစိုးရရဲ့မူဝါဒတွေအရ ရပ်ကွက်၊ ကျေးရွာအုပ်စုတွေမှာဖွဲ့ရတဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေရဲ့ Capacity ကိုတောင် တက်လာအောင် မလုပ်နိုင်ပါဘူး။ ဒီမှာဆိုရင် ကျွန်မတို့ ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တွေရှိတယ်။ မြေစစ် အဖွဲ့တွေရှိတယ်။ ဒီ အခွင့်အရေးတွေ၊ တာဝန်တွေကိုလည်း ဒီအဖွဲ့တွေက မသိကြပါဘူး။ အဲဒီတော့ ကျွန်မတို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ တကယ်ပဲထိရောက်ပြောင်းလဲစေချင်တယ်ဆိုရင်တော့ အဆိုရှင်ရဲ့အဆိုမှာပါတဲ့ အဆင့်ဆင့်သော ကော်မတီတွေမှာ ဖွဲ့စည်းပုံတွေ၊ တာဝန်အပ်နှင်းမှု ပုံစံတွေကို ပြောင်းလဲပစ်မှရပါမယ်။ ကိုယ့်မြို့နယ်၊ ကိုယ့်ဒေသအကျိုးကို အမှန်တကယ် လိုလား ပြီးတော့ ဆောင်ရွက်မယ့် ဒေသခံပြည်သူတွေ၊ အရေအတွက်တွေ ပိုမိုပါဝင်တဲ့ ဖွဲ့စည်းပုံမျိုး၊ ခေါင်းဆောင်မှုတာဝန်ပေးအပ်မှုမျိုးကို ပြောင်းလဲသင့်ပါကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်ရဲ့အဆိုမှာလည်း ပါ ပါတယ်။ ဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ် များကလည်း တူညီစွာဆွေးနွေးသွားတဲ့ အချက်ကတော့ ကျွန်မတို့ တာဝန်ရှိသူတွေရဲ့ ဥပဒေနှင့်မညီတဲ့ လုပ်ရပ်တွေအပေါ်မှာ အရေးယူဖို့လိုအပ်နေခြင်းပဲဖြစ်ပါတယ်။ အကျင့်ပျက်ခြစားမှုအမြင့်ဆုံး ထိပ်ပိုင်း နိုင်ငံတွေထဲမှာ ပါဝင်နေတဲ့ ကျွန်မတို့နိုင်ငံဟာ အရေးယူမှု၊ ကြပ်မတ်မှုတွေကကျတော့ အနိမ့်ဆုံး အဆင့်မှာ ရှိနေပါတယ်။ တရားဥပဒေစိုးမိုးမှု ယိုယွင်းလာခြင်းဟာ ပြည်သူတွေဆီကစတာ မဟုတ် ပါဘူး။ တာဝန်ရှိသူတွေ၊ လုပ်ပိုင်ခွင့်ရှိသူတွေဆီက အစပြုတာဖြစ်ပါတယ်။

ဒါကြောင့် လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အားဖြင့် ဆွေးနွေးလိုပါတယ်။ အခု အချိန်မှာ ကျွန်မတို့နိုင်ငံရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးကို တာဝန်ယူ၊ တာဝန်ခံကြရတဲ့ ပုဂ္ဂိုလ်တွေဟာ ဘတ်ဂျက်တွေကို စီမံခန့်ခွဲခြင်းအားဖြင့် ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ဖို့ တာဝန်ရှိသလို၊ ကိုယ်တာဝန်ယူထားကြတဲ့ ဝန်ကြီးဌာနတွေအောက်မှာ ဌာနအသီးသီးမှာ နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးနေမှုတွေ၊ ဥပဒေလက်တစ်လုံးကြားလုပ်မှုတွေ၊ အကျင့်ပျက်ခြစားမှုတွေ ကိုပါ ထိထိရောက်ရောက် ကြပ်မတ်ကိုင်တွယ် စီမံခြင်းအားဖြင့် ပြုပြင်ပြောင်းလဲမှုတွေကိုပါ တစ်ပြိုင်တည်း တာဝန်ယူလုပ်ဆောင်ရမယ်ဖြစ်တယ်ဆိုတာကို အကြံပြုလိုပါတယ်။ အခု ကျွန်မတို့ လွှတ်တော်မှာ ဆွေးနွေးနေတဲ့ အဆိုကိုလည်း အစိုးရအဖွဲ့ဝန်ကြီးတွေအနေနဲ့ ခေါင်းစဉ်လောက်ကိုပဲ မကြည့်ဘဲနဲ့ ကိုယ်စားလှယ်တွေတစ်ဦးချင်း ဆွေးနွေးနေတဲ့အကြောင်းအရာတွေကို သေချာလေ့လာ ပြီးတော့ ဘာကြောင့်ဒီလိုတွေ ဆွေးနွေးနေတယ်၊ ဘာဖြစ်နေတယ်ဆိုတာကို လေးလေးနက်နက် သုံးသပ် ဆောင်ရွက်စေလိုပါတယ်။ ဒါကြောင့်မို့လို့ အခု ဦးမျိုးဝင်း ရဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံး ချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းသည့် မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော်ရောင်းစားနေခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်(ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

အဆိုရှင်၏ ဆွေးနွေးတင်ပြချက်များတွင် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ ဥက္ကဋ္ဌနေရာများတွင် အဓိကဦးဆောင်နေသော မြို့နယ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးများ ဖြစ်နေကြောင်းနှင့် အခြားနည်းသုံးစွဲခွင့် လျှောက်ထားခြင်းအား ခွင့်ပြုခြင်း၊ မပြုခြင်းနှင့် ဥပဒေမဲ့လုပ်ရပ်များအား တွေ့ရှိပါက အဓိကတားဆီးရန် တာဝန်ရှိနေသူများလည်း ဖြစ်ပါတယ်ရှင်။ အဆိုရှင်၏ ဆွေးနွေးမှုတွင် တာဝန်ရှိသူများ၏ တာဝန်မဲ့လုပ်ရပ်များ ဆက်လက်မဖြစ်ပေါ်စေသော စေတနာအားမြင်တွေ့ရပြီး အနာဂတ်တွင် တရားဥပဒေ စိုးမိုးနိုင်ရန်အတွက် ကြိုးစားခြင်းလည်း ဖြစ်ပါတယ်။ အဆိုရှင်သည် ဥပဒေ၏စည်းနှောင်မှုအားနှင့် တာဝန်ရှိသူများ၏ မိမိတို့တာဝန်အပေါ် အလေးမထားမှုနှင့် လျော့ရဲသောအခြေအနေအား ထောက်ပြဆွေးနွေးထားပြီး ဥပဒေနှင့်အညီ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းပေးဖို့ တိုက်တွန်းထားခြင်းလည်း ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ လွှတ်တော်ပိတ်ရက်များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသော ဒါဘာ အစည်းအဝေးပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အများစု တင်ပြချက်များသည် လယ်ယာမြေများ၌ အခြားနည်း သုံးစွဲခွင့်မရဘဲ ငါးကန်များတူးနေကြောင်း တင်ပြချက်များရှိခြင်းက ကျွန်မတို့အား ထိရောက်စွာ တားဆီးပေးပါရန် မြို့နယ်၊ ခရိုင်သာမက လွှတ်တော်တွင်လည်း မေးခွန်းများ မေးမြန်းခဲ့သော်လည်း ယနေ့အချိန်အထိ ထိရောက်သောတားဆီးမှုနှင့် အရေးယူမှုများလည်း မတွေ့ရှိ မကြားသိရပါဘူးရှင်။ ဒီလိုအခြေအနေများကြောင့် ပြည်သူများကလည်း ဥပဒေအား မသိ၍သော်လည်းကောင်း၊ သိ၍သော်လည်းကောင်း ချိုးဖောက်ခြင်းဖြင့် ဒဏ်ရိုက်တော့လည်း ဆောင်လိုက်ရင်

ပြီးတာပဲဟုယူဆကာ သူ့ထက်ငါအပြိုင် ငါးကန်တွေ တူးနေကြခြင်းပဲ ဖြစ်ပါတယ်ရှင်။ မအူပင်မြို့ပေါ်မှာလည်း တာဝန်ရှိသူများ အများပြည်သူပိုင်နေရာများကို ဂရန်များ ချထားပေးပြီး အဆောက်အအုံများ ဆောက်လုပ်ထားမှုအပေါ်မှာကို တာဝန်ရှိသူများမှ အသိအမှတ်ပြုပေးနိုင်ရန် ကြိုးပမ်းခြင်းကဲ့သို့သော ကိစ္စများလည်း ရှိနေပါတယ်ရှင်။

ဆက်လက်ပြီး လယ်ယာမြေများတွင် မြေကွက်များရိုက်၍ တာဝန်ရှိသူများမှ ဝန်ထမ်းများအား ရောင်းချပေးမည်ဟုဆိုကာ မအူပင်မြို့နယ် မင်းပေါကျေးရွာတွင် မိမိတို့၏သဘောဖြင့် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်ကာ ဆောင်ရွက်နေကြောင်းနှင့် ထိုအခြေအနေသည် တရားဝင်မှု ရှိ၊ မရှိနှင့် ပြည်သူများ၏ မေးမြန်းချက်နှင့် တင်ပြချက်များလည်း ရှိနေပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျေးဇူးပြု၍ Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒီဟာကတော့ ဝန်ထမ်းတွေကို တစ်ခါသွင်းရင် (၅)သိန်းပေါ့နော်။ ဆိုပြီးတော့ သွင်းဖို့အတွက်ကို လျှောက်လွှာခေါ်ယူတဲ့ပုံစံပဲ ဖြစ်ပါတယ်။ အဲဒီမှာ မြေကွက်ကို ဒီ လန(၃၀) လျှောက်ထားဖို့ကိုလည်း မြေရောင်းချပေးတဲ့သူကနေပြီးတော့ တာဝန်ယူ ဆောင်ရွက်ပေးမယ်ဆိုတာကို ကတိကဝတ် ခံယူထားခြင်းလည်း ဖြစ်ပါတယ်။ ဒါကတော့ ဒီ ဌာနဆိုင်ရာ အကြီးအကဲရဲ့ ထောက်ခံချက်ကိုယူပြီးတော့ ပေးမယ်ဆိုတဲ့ပုံစံမျိုးကို ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ Next Slide။ ဒါကတော့ ဒီလယ်ယာမြေကွက်ပေါ်မှာ မြေကွက်ကို ငွေသွင်းပြီးတဲ့အချိန်မှာ မဲစနစ်နှင့် ပြန်ပြီးတော့လုပ်ပေးမယ်ဆိုပြီးတော့ လက်ရှိ ကျွန်မတို့ ဖြစ်နေတဲ့ အခြေအနေပါ။ ဒါ လက်ရှိ ၈ လပိုင်း၊ ဒီလကုန်မှ (၅)သိန်းကို စပြီးတော့ သွင်းပေးရမယ့် အခြေအနေပါ။

ထိုကဲ့သို့ အခြေအနေများမှာ ဥပဒေအား အကောင်အထည်ဖော် ဆောင်ရွက်ရသည့် တာဝန်ရှိသူများ၏ တာဝန်မဲ့လုပ်ရပ်များနှင့် အချိန်တန်လို့ရှိရင် ဥပဒေဘောင်က အသိအမှတ်ပြုပေးလိမ့်မယ်ဆိုတဲ့ အခြေအနေများကြောင့် ဒါ တရားဥပဒေစိုးမိုးရေးမှာ စိန်ခေါ်မှု အများကြီးကြုံနေရမှာလည်းဖြစ်ပါတယ်ရှင်။ ကျွန်မတို့က လွန်ခဲ့တဲ့ကာလတွေတုန်းက ဥပဒေမဲ့လုပ်ရပ်များကို လုပ်ဆောင်ခဲ့တဲ့အခြေအနေများကို ဥပဒေဘောင်ထဲကနေပြီးတော့ စနစ်တကျ စီမံခန့်ခွဲပေးပြီးတော့ လိုအပ်သလို လက်ရှိ ဥပဒေမဲ့လုပ်ရပ်များကိုလည်း ဒါ ကျွန်မတို့ အလျင်အမြန် တားဆီးပေးဖို့လိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဆွေးနွေးခဲ့သလိုပဲ။ ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လုပ်ရပ်များကိုလည်း အချိန်မီ ထိန်းညှိပေးရန် လိုအပ်နေပါတယ်။ တိုင်းပြည်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်မှာ ဝန်ထမ်းကောင်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးပါတယ်ရှင်။ ဌာနများမှာ ဝန်ထမ်းအင်အားမလုံလောက်ခြင်း၊ ရှိနေသောဝန်ထမ်းများမှာလည်း တာဝန်များ များစွာပိနေမှု ရှိသလို ရုံးချိန်တွင်းမှာ လက်ဘက်ရည်ဆိုင်ထိုင်ခြင်း၊ ရုံးချိန်မှာ ဖုန်းပွတ်နေခြင်းနှင့်တကွ စုပေါင်း စကားပြောဆိုနေခြင်း အပါအဝင် ဌာန၏ တာဝန်နှင့် မသက်ဆိုင်သောကိစ္စများဖြင့် အချိန်ကုန်ဆုံးသွားသော ဝန်ထမ်းများစွာလည်း မြင်တွေ့နေရပါတယ်ရှင်။ ဒီလိုဖြစ်ရခြင်းဟာ ကြိုးစားမှုပေါ်မူတည်၍ ဂုဏ်ပြုမှုနှင့်အတူ အသိအမှတ်ပြုခြင်း ရာထူးတိုးရန်အခွင့်အရေး စသည်တို့အား ဆုပေး၊ ဒဏ်ပေးစနစ် အားနည်းနေခြင်းတို့ကြောင့်လည်း ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဆွေးနွေးခဲ့သလို အဂတိမကင်းသည့် လုပ်ဆောင်ချက်များအား ထိရောက်သောအစီအမံတစ်ခု ရေးဆွဲရာတွင် ဝန်ထမ်းများ၏ စွမ်းဆောင်

ရည်ပေါ်တွင် မူတည်၍ ရာထူးတိုးခြင်း၊ အဆောင်အယောင်ချီးမြှင့်ခြင်း၊ ဂုဏ်ပြုအသိအမှတ်ပြုခြင်းအား အထက်အရာရှိမှသာမက ပြည်သူများ၏ မှတ်ချက်၊ ထောက်ခံချက်ကဲ့သို့သော အစီအမံများဖြင့် ထည့်သွင်း စီမံပေးပါရန် တိုက်တွန်းရင်း မွန်ပြည်နယ်မှ ဦးမျိုးဝင်း ၏ အဆိုအား ထောက်ခံ ဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဝန်ထမ်းများ မြေကွက်ဝယ်ယူရန် လျှောက်လွှာ ပြပုံ (ဒ)



၁။ ဝန်ထမ်းများသက်သာသောဈေးနှုန်းဖြင့် မြေကွက်ရရှိရန်ရည်ရွယ်ပါသည်။
၂။ မြေကွက်တည်နေရာမှာ မင်းဘောကျေးရွာ ရွာအဝင်လမ်းဘေးတွင် တည်ရှိပါသည်။
၃။ မြေကွက်အကျယ်မှာ (၄၀ × ၆၀)ပေဖြစ်ပါသည်။
၄။ ပေ (၃၀)အကျယ်မြေသားလမ်းပါရှိပါသည်။
၅။ ရေမြောင်းများ၊ ကွန်ကရစ်ပြွန်များပါရှိပါသည်။
၆။ မြောင်းကူးတံတားတစ်စင်းပါရှိပါသည်။
၇။ ငွေပေးသွင်းခြင်းမှာ
ပထမအရစ် (၅)သိန်း - ၃၁-၈-၂၀၁၈ နောက်ဆုံး
ဒုတိယအရစ် (၅)သိန်း - ၃၁-၁၀-၂၀၁၈ နောက်ဆုံး
တတိယအရစ် (၅)သိန်း - ၂၈-၂-၂၀၁၉ နောက်ဆုံး
၈။ ငွေအပြီးပေးသွင်းပြီးပါက မြေကွက်နေရာများ ခွဲနိုက်ပေးပြီး ပိုင်ဆိုင်မှုစာချုပ်အား ပေးအပ်သွားပါမည်။
၉။ မြေကွက် လ/ယ (၃၀) လျှောက်ထားခြင်းအား မြေကွက်ရောင်းချသူမှ ဆောင်ရွက်ပေးပါမည်။
၁၀။ ငွေပေးသွင်းခြင်းအားရေဝတီဘဏ်စာရင်း
အမှတ် ( 0035202010058811 ) သို့ ပေးသွင်းရပါမည်။
၁၁။ ရောင်းချသူမှ ငွေလက်ခံရရှိပြေစာထုတ်ပေးပါမည်။

ဌာနအကြီးအကဲ၏ ထောက်ခံစာ ပြပုံ (ဒ-၁)



ဌာနဆိုင်ရာဝန်ထမ်းများ မြေကွက်လျှောက်ထားခြင်းလျှောက်လွှာ

ရက်စွဲ၊ ---------------

၁။ လျှောက်ထားသူအမည် - ---------------
၂။ အဘအမည် - ---------------
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ---------------
၄။ တာဝန်ထမ်းဆောင်သည့်ဌာန - ---------------
၅။ ရာထူး - ---------------
၆။ ဌာနဆိုင်ရာကိုယ်ပိုင်အမှတ် (ရှိလျှင်) - ---------------
၇။ နေရပ်လိပ်စာ - ---------------
---------------
၈။ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် - ---------------

လျှောက်ထားသူလက်မှတ်

ဌာနအကြီးအကဲ၏ ထောက်ခံချက်

ရက်စွဲ၊ ---------------

မြေကွက်လျှောက်ထားသူ ဦး/ဒေါ် --------------- သည် ---------------
--------------- ဌာနတွင် --------------- ရာထူးဖြင့်
တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ထောက်ခံအပ်ပါသည်။

ဌာနအကြီးအကဲလက်မှတ်

မြေကွက်အား အကွက်ရိုက် ပုံစံ ပြပုံ (ဒ-၂)




**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဗိုလ် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ အဆိုဖြစ်တဲ့ မြန်မာနိုင်ငံတွင် လယ်ယာ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေခြင်းကြောင့် စိုက်ပျိုးမြေများ အလျင်အမြန်လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့်ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်လာပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရား မကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ

ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ လှိုင်သာယာမြို့နယ်ဟာဆိုရင် ချောင်းကြီး(၁၆)ချောင်းရှိပြီးတော့ ဒီချောင်းထဲမှာ လှေသမ္ဗာန် အားလုံးဟာ ဝင်၊ ထွက် သွားလာခွင့်ရှိခဲ့တဲ့ချောင်းကြီးတွေ ဖြစ်ပါတယ်။ အဲဒီလောက်ကျယ်ဝန်းတဲ့ချောင်းတွေဟာ အခု ပုံမှာပါတဲ့အတိုင်းပဲ။ ချောင်းတွေပေါ်မှာ အိမ်ရာတွေ တည်ဆောက်ခဲ့တဲ့ပုံဖြစ်ပါတယ်။ Next Slide။ ဒီပုံဟာလည်း သာယာကုန်းချောင်းကပုံ ဖြစ်ပါတယ်။ လှိုင်သာယာမြို့ကို တည်ဆောက်တဲ့စီမံကိန်း အကောင်အထည်ဖော်ခဲ့တယ်။ အိမ်ရာစီမံကိန်းတွေ ပြုလုပ်ခဲ့တယ်။ စီမံကိန်းအလွဲအမှားတွေ ဖြစ်ပါတယ်။ ပုံမှာပါတဲ့အတိုင်းပဲ။ ကျွန်တော်တို့ ချောင်းကြီးပေါ်မှာ အိမ်တွေဆောက်နေပြီ။ ကျွန်တော်တို့ အိမ်ရာနှစ်ခုကြားမှာရှိတဲ့ ချောင်းကြီးဟာ မြောင်းသာသာ အဆင့်ရှိနေပြီ။ နောက်တစ်ခုက ဝဲဘက်မှာရှိတဲ့၊ ခြံစည်းရိုးဘေးနားမှာရှိတဲ့ (၃)ပေလောက်ရှိတဲ့ မြောင်းဟာ ချောင်းကြီးကနေပြီးတော့ ဆင်းသက်လာတဲ့မြောင်းဖြစ်ပါတယ်။ ဒီပုံဟာဆိုရင် စူလ်တန်ချောင်း ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ အဆင့်ဆင့် တာဝန်ယူလုပ်ဆောင်ခဲ့တဲ့ ဌာနကြီးများရဲ့ ဘယ်လောက်ထိ ဖြေရှင်းဆောင်ရွက်ခဲ့ရသလဲဆိုတာကို ပုံကိုကြည့်ရင် မြင်နိုင်ပါတယ်။ ကျွန်တော်တို့ ညာဘက်မှာရှိတဲ့၊ မြင်နေရတဲ့ ဇုန်ထဲမှာရှိတဲ့၊ စက်မှုဇုန်မှာရှိတဲ့စက်ရုံသည် ချောင်းပေါ်မှာ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ချောင်းကို ပျောက်သွားပါပြီ။ မြောင်းလည်း ပျောက်နေပါပြီ။ ဒီဘက်မှာရှိတဲ့ ချောင်းဟာ အခု မြောင်းသာသာ အဆင့်လောက် ရှိပါတယ်။ Next Slide။ ဒါလည်း စူလ်တန်ချောင်းဖြစ်ပါတယ်။ ရေကြည်ပါတယ်။ ကျွန်တော်တို့ စူလ်တန်ချောင်းပေါ်မှာရှိတဲ့ အခု ညာဘက်အစွန်းဆုံးမှာ မြင်နေရတဲ့ စက်ရုံကတော့ ချောင်းပေါ်မှာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ အလယ်မှာရှိတဲ့အိမ်ကတော့ ချောင်းရဲ့ အလယ်တည့်တည့်မှာ တည်ဆောက်ထားပါတယ်။ ကျွန်တော်တို့ ဝဲဘက်မှာရှိတဲ့ အိမ်တွေကတော့ ကျွန်တော်တို့ ချောင်းဧရိယာပေါ်မှာရှိတဲ့အိမ်တွေ ဖြစ်ပါတယ်။

အဲဒီ ချောင်းဧရိယာမှာရှိတဲ့ မြေဟာ ကျွန်တော်တို့ စက်သွားလမ်းတွေ ဖြစ်ပါတယ်။ ဒီချောင်းထဲကို ကျွန်တော်တို့ နုန်းမြေတွေကို ရှင်းဖို့အတွက် ကျွန်တော်တို့ စက်ကြီးများ ဝင်ပြီးတော့ ရှင်းရတဲ့ အနေအထားဖြစ်ပါတယ်။ Next Slide။ ဒီပုံဟာ ရွှေလင်ဗန်းချောင်း ဖြစ်ပါတယ်။ ရွှေလင်ဗန်းချောင်းဟာ ဝန်ထမ်းကြီးများ အိမ်ရာစီမံကိန်းတစ်ခု ဖြစ်ပါတယ်။ အခုမြင်နေရတဲ့ချောင်းဟာ တာဝန်မဲ့ ခွင့်ပြုခဲ့တဲ့အတွက်ကြောင့် ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီးတော့ စိတ်ဓာတ်တွေကြောင့် ယခုဆိုရင် လှိုင်သာယာဟာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုများကို ကြုံနေရပါပြီ။ ကျွန်တော်တို့ ဘယ်ဘက်မှာရှိတာက ကျွန်တော်တို့ ရွှေလင်ဗန်းချောင်းပါ။ ညာဘက်မှာ မြင်နေရတာ ချောင်းကနေပြီးတော့ မြောင်းသာသာအဆင့် ဖြစ်သွားပါပြီ။

ဟုတ်ကဲ့ပါ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာ ဖော်ပြခဲ့တဲ့ အကြောင်းအရာအပြင် ကြက်ဆူပင်စိုက်ခင်းကို သတ်မှတ်ထားခဲ့တဲ့ လယ်မြေတွေကို မိမိအပိုင် အမွေရထားတဲ့မြေလို သဘောထားပြီး ရောင်းချခဲ့တယ်။ အမှန် အများပြည်သူ သောက်သုံးရေ လိုအပ်တဲ့အတွက် အကွက်ဖော်ထားတဲ့ ရေတုံ့ကင်နေရာများဟာ အောက်ခြေ အုပ်ချုပ်ရေးအဖွဲ့နဲ့ ပေါင်းပြီးတော့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ စည်ပင်သာယာရေးကော်မတီများမှ အမည်

ပေါက် ဂရန်များ အခု ချထားပေးတာတွေ ရှိနေပါတယ်။ အဲဒီဟာတွေဟာ လုပ်ပိုင်ခွင့် အခွင့်အရေး တစ်နည်းအားဖြင့် စီမံခန့်ခွဲမှုညံ့ဖျင်းမှု၊ စီမံခန့်ခွဲမှုကို အလွဲသုံးစားပြုနေမှုများဟာ အဂတိတရား မကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားတဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ အဆိုအား ထောက်ခံကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

သာယာကုန်းချောင်း မြင်ကွင်းပုံ (ခ)



စူလ်တန်ချောင်း မြင်ကွင်းပုံ (ခ-၁)



ရွှေလင်ဗန်းချောင်း မြင်ကွင်းပုံ (ခ-၂)



**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၁၂)ရက်မြောက်နေ့ ၂၃-၈-၂၀၁၈ (ကြာသပတေးနေ့) အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၂)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]